# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၃၄၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross– ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross– ICRC) ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## တပ်မတော်အနေဖြင့် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၀ ရက်သာ လိုတော့သည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ❖ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူများလက်ဝယ်သို့ လိုအပ်သည့် ကူညီထောက်ပံ့မှုများ အမှန်တကယ်ရောက်ရှိစေရေးနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများထံသို့ မရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

❖ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူများလက်ဝယ်သို့ လိုအပ်သည့် ကူညီထောက်ပံ့မှုများ အမှန်တကယ်ရောက်ရှိစေရေးနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများထံသို့ မရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross–ICRC) ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရာဇဝတ် အထူးအယူခံမှု (၇)မှုနှင့် တရားမအထူးအယူခံမှု (၂)မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၆)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ၊ ဒေါ်ပြုံးပြုံးအေးနှင့် ဒေါက်တာကိုကိုနိုင် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ် အထူးအယူခံမှုအမှတ် ၆/၂၀၂၄ (မန္တလေး)၊ ၇/၂၀၂၄ (မန္တလေး)၊ ၈/၂၀၂၄ (မန္တလေး)၊ ၉/၂၀၂၄ (မန္တလေး)၊ ၁၀/၂၀၂၄ (မန္တလေး)၊ ၁၁/၂၀၂၄ (မန္တလေး)၊ ၁၂/၂၀၂၄ (မန္တလေး) နှင့် တရားမအထူးအယူခံမှုအမှတ် ၃၈/၂၀၂၄ (စစ်ကိုင်း)၊ ၄၇/၂၀၂၄(ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၇)မှုနှင့် တရားမအထူးအယူခံမှု (၂)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၃၆/၂၀၂၄ (မန္တလေး)၊ ၄၃/၂၀၂၄ (ရန်ကုန်)၊ ၄၄/၂၀၂၄ (ရန်ကုန်)၊ ၄၈/၂၀၂၄ (ရန်ကုန်)၊ ၄၉/၂၀၂၄ (မွန်)၊ ၅၁/၂၀၂၄ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေ

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာအုပ်စု)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အထက်သို့ သုံးလက်မခန့် (၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## သောင်ရင်းမြစ်ရေ မြဝတီမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ)အောက် လေးပေကျော် (၁၂၈ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅ / ၂၀၂၄ )

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၉)လမ်း၊ အိမ်အမှတ်(၁၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၅၂) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် စတုတ္ထဆုရရှိသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

**အနိုင်ရဗိုလ်စွဲ**

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ်ဖိအားပေးယှဉ်ပြိုင်ကြပြီး ပထမပိုင်းပွဲကစားချိန်ပြီးဆုံးချိန်အထိ ဂိုးရရှိခဲ့မှုမရှိဘဲ ဒုတိယပိုင်းပွဲကစားချိန် ၆၈ မိနစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းက အနိုင်ဂိုးကို သွင်းယူရရှိခဲ့ကာ ပွဲကစားချိန်ပြီးဆုံးချိန်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး(ဂိုးသမား)ဆုနှင့် အကောင်းဆုံး(နောက်တန်း)ဆုကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ညွန့်ဖေနှင့် ဦးကိုကိုလှိုင် တို့ကလည်းကောင်း၊ အကောင်းဆုံး (အလယ်တန်း) ဆု ၊ အကောင်းဆုံး (ရှေ့တန်း) ဆု ၊ ဂိုးသွင်းအများဆုံး အားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိသူများကို ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ခွန်စံလွင်၊ ဒေါက်တာဘရွှေတို့ကလည်းကောင်း တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က စတုတ္ထဆုရရှိသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။




ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်း တံခွန်စိုက်ဆုဖလားနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားပြုတက္ကသိုလ်များ ဘောလုံးအသင်း ( ခုနစ်သင်း) တို့ ပါဝင်ပြီး ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတို့တွင် ယနေ့နံနက်ပိုင်းက ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမိုးခန့်သက်၊ ဆရာမဒေါ်ဥမ္မာလွင်၊ ဒေါ်စုစုခင်၊ ဒေါ်အိမွန်ချမ်းနှင့် ဒေါ်အေးအေးသက်တို့က ကျောင်းသား ကျောင်းသူများအား ကလေးအာဟာရနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားနှင့်ခံတွင်းကျန်းမာရေး၊ သွားသန့်ရှင်းမှု ပညာပေးခြင်းနှင့် လက်ကို စနစ်တကျဆေးနည်း စသည်တို့ကို အသိပညာပေးဟောပြောပြီး သွားနှင့် ခံတွင်းကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**

## ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျန်းမာရေးမှူး (၄) သင်တန်း ဖွင့်လှစ်

**ပြည် စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ယနေ့နံနက်ပိုင်းက ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က နိုင်ငံတော်အနေဖြင့် လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေရန်အတွက် အခြေခံကျန်းမာရေးဝန်ထမ်းများကို မြို့ပြမှ ကျေးလက်ဒေသအောက်ခြေအထိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ယခုလိုလူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း စည်းကမ်းတကျနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန်လိုကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ ခုမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ခန့်ထားပြီးဖြစ်သော နေ့စားဝန်ထမ်း စုစုပေါင်း ၂၀၆ ဦးအနက် ၁၀၃ ဦးကို ပထမအသုတ်အဖြစ် သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး သင်တန်းကို ၂၀၂၅ ခုနှစ် မတ်လအထိ သင်တန်းကာလ ခြောက်လကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၄) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေး




**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသည့် (၄)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Is–Kander Azizov နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### ပါဝင်တက်ရောက်

အဆိုပါခရီးစဉ်တွင် ဒုတိယဝန်ကြီးချုပ်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာထမ်းများလည်း အဖွဲ့ဝင်များအဖြစ်လိုက်ပါ၍ ဖိုရမ်သို့ ပါဝင်တက်ရောက်ကြသည်။

အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများအကြား ဆက်သွယ်မှုထူထောင်ရန်နှင့် မြှင့်တင်ရန်၊ ရုရှားအရှေ့ဖျားဒေသ၏စီးပွားရေးအလားအလာများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် အထူးစီးပွားရေးဇုန်များရှိစီးပွားရေးအခြေအနေများကို သုံးသပ်ဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

စက်တင်ဘာ ၃ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Valerievich KARA–OOL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ ခရီးသွားများ ပိုမိုလည်ပတ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr . Maxim Reshetnikov ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး စတုတ္ထအကြိမ် ရုရှား–မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင်အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအရ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာ–ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

### လက်မှတ်ရေးထိုး

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးသည့်ခန်းမ၌ ကျင်းပပြုလုပ်သည့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ၌ ရွက်ဖျန်းအားဆေးရည် ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရေးနှင့်သက်ဆိုင်သည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (MoC) လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ရုရှားနိုင်ငံဘက်မှ သမ္မတ၏ အကြံပေး ရုရှားရော့စ် ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဥက္ကဋ္ဌ Mr. Anton Kobyakov နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr.Maxim Reshetnikov တို့ တက်ရောက်ကြသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာအရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့နှင့် Fund RC–Investments တို့ အကြား ပထမအဆင့်အနေဖြင့် ရွက်ဖျန်းအားဆေးရည် ထုတ်လုပ်ခြင်းလုပ်ငန်းများကို လျာထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် သဘာဝမြေဩဇာစက်ရုံ တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ဆီဆိုင်မြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေး နည်းပညာသင်တန်းဖွင့်လှစ်ပေး

**ဆီဆိုင် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့နယ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေးစီမံကိန်းနှင့် ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်စေရေး ရည်ရွယ်၍ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ဘုရားဖြူကျေးရွာရှိ ခန်းမ၌ ဖွင့်လှစ်သည်။ **(ယာပုံ)**

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်းက အမှာစကားပြောကြားသည်။

သင်တန်းတွင် ဆီဆိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြကာ မော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းပညာသင်တန်းကို စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၈ ရက်အထိ တစ်လကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး မွမ်းမံသင်တန်းအား အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ၁၅ ရက်ကြာ ထပ်မံသင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းအတွင်းမှ အမှန်တကယ်လုပ်ငန်း ထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒေသဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ စီမံကိန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ တတိယနေရာလုပ်ပွဲစဉ်များ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

**၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ တတိယနေရာလုပ်ပွဲစဉ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁)၌ ဆက်လက်ကျင်းပသည်။**





တတိယနေရာလုပ်ပွဲစဉ်အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေး၍ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲပြီးဆုံးချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိကာ တတိယနေရာကို ထိုက်ထိုက်တန်တန်ရရှိသွားသည်။

**ကြည့်ရှုအားပေး**

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ဒေါက်တာတင်ထွဋ်၊ ဦးဗိုလ်ဗိုလ်ကျော်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို တက္ကသိုလ်ဘောလုံးပြိုင်ပွဲမှ ထွက်ပေါ်လာမည့် ထူးချွန် အားကစားသမားများမှသည် နိုင်ငံတော်အတွက်အားထားရသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**ဘားအံ စက်တင်ဘာ ၉**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် လာရောက်ဂါရဝပြုတွေ့ဆုံသည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visit–stump နှင့်အဖွဲ့အား စက်တင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ(၂)၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့တို့သည် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်လုပ်ငန်းများနှင့် တရားမဝင်ကုန်သွယ်မှုများ တားဆီးနှိမ်နင်းနိုင်ရေး၊ တရားဝင် MoU အလုပ်သမားများအား ဥပဒေအကာအကွယ်ပေးနိုင်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အဓိကထား ဆွေးနွေးကြပြီး အပြန်အလှန် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး**

ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ဘားအံ)၌ ဖွင့်လှစ်သည့် မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်း(အဆင့်မြင့်)ကို တက်ရောက်ပြီး အမှာစကားပြောကြားရာ သင်တန်းတွင် မိမိတတ်မြောက်ထားသောပညာရပ်များကို တစ်ဆင့်မြှင့်တင်ပေးနိုင်ရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ သင်ယူလေ့လာအားထုတ်ကြစေလိုကြောင်း၊ သင်ကြားပေးမည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကိုအသုံးချ၍ မိမိ မိသားစု၊ ရပ်ရွာဒေသ၊ ပြည်နယ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအားထုတ်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းများဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်ကြားပို့ချချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆင့်မြင့်မိုဘိုင်းဖုန်းသင်တန်း စာတွေ့လက်တွေ့သင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ အဆိုပါသင်တန်းကျောင်း၌ National Skill Standards Authority (NSSA) မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု ‘စံ’ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ Assessment Center ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတွင် ပြည်နယ်အတွင်းရှိ လုပ်သား ၂၅ ဦးအား လျှပ်စစ်ကျွမ်းကျင်လုပ်သား (အဆောက်အဦ)အဆင့်-၁ စိစစ်အကဲဖြတ်နေမှုအား ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတကာသုတေသနပြုလုပ်ချက်များအရ ကျောင်းသားများ၏ သင်ယူမှုရလဒ်သည် ဆရာ၏ သင်ပြနည်းပေါ်တွင် အဓိကမူတည်

**ဟားခါး စက်တင်ဘာ ၉**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဟားခါးပညာရေးဒီဂရီကောလိပ်က ကြီးကြပ်ဖွင့်လှစ်ပို့ချမည့် “Training on Effective Strategies for New Curriculum” အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဇနီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့်ဇနီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦး၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချို၊ ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟားခါးခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် သင်တန်းတက်ရောက်မည့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတကာသုတေသနပြုလုပ်ချက်များအရ ကျောင်းသားများ၏ သင်ယူမှုရလဒ်သည် ဆရာ၏ သင်ပြနည်းပေါ်တွင် အဓိကမူတည်သည်ကို တွေ့ရှိရကြောင်း၊ ပြောင်းလဲသွားသည့် သင်ရိုးတစ်ခုချင်းစီ၏ Learning outcomes များ ပေါက်မြောက်ရန်နှင့် ၂၁ ရာစုပညာရေး၏ 5 C’s ဖြစ်သော critical thinking, creativity, communication, collaboration နှင့် character တို့ကို ကျောင်းသားများအားလုံး ရရှိသွားစေရန် ဆရာများသည် teaching techniques ကို ပိုင်နိုင်ရုံသာမက mastery of subject matter ဖြစ်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာအထက်တန်းကျောင်းအဆင့် သင်ကြားပေးသော ဆရာ ဆရာမများ၏ စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ပြောင်းလဲသွားသော သင်ရိုးတစ်ခုချင်းစီ၏ Learning outcomes များ ပေါက်မြောက်အောင် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

သို့မှသာ ချင်းပြည်နယ်၏ တက္ကသိုလ်ဝင်တန်းအောင်ချက် ပိုမိုမြင့်မားလာပြီး International language ဖြစ်သည့် အင်္ဂလိပ်စာကို ကျောင်းသားကျောင်းသူများ ကျွမ်းကျင်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဤသင်တန်းတွင် အခြေခံပညာအထက်တန်းဆင့် သင်ရိုးသစ်တွင်ပါဝင်သော four skills သင်ကြားခြင်းအတွက် အရေးကြီးသည့် သင်နည်းများနှင့် ချဉ်းကပ်နည်းများကို သင်ကြားပို့ချသွားမည်ဖြစ်သဖြင့် သင်တန်းပြီးမြောက်သွားပါက လက်တွေ့အသုံးချကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ထို့နောက် ဟားခါးပညာရေးဒီဂရီကောလိပ် သင်ပြနည်းဌာနမှ ကထိက ဒေါ်ငွန်လျန်မွေးက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) ကို ၂၀၂၄ ခုနှစ်၊ ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် ***စာမျက်နှာ ၉ သို့***



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကို သင်တန်းကျောင်းတစ်ခု၌ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် သင်တန်းသားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သင်တန်းသားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ သင်တန်းသားများအား တာဝန်ရှိသူများက ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ဖွင့်လှစ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) ဖွင့်ပွဲတွင် သင်တန်းကျောင်းအုပ်ကြီးက အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၈ မှ*

လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၅) မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်း သားများ၏ စကားသံများကိုလည်း ယခုလို ကြားသိရသည်။

"ကျွန်တော် အမှတ်စဉ် (၅) မှာ တက်ရတဲ့ အကြောင်းရင်းက ကျွန်တော့်မှာ ရည်ရွယ်ချက်တွေ အများကြီးရှိပါတယ်၊ နိုင်ငံကို ကာကွယ်ဖို့အတွက်၊ ကျွန်တော့် လူမျိုး ဘာသာ သာသနာကို ကာကွယ်ဖို့ အတွက် ဝင်ရခြင်းဖြစ်ပါတယ်၊ အရပ်သား ဘဝနဲ့စစ်သားဘဝ အများကြီး ကွာခြား ပါတယ်၊ ကျွန်တော် ငယ်ငယ်ကတည်းက စစ်သားသိပ်ဖြစ်ချင်တာ၊ ဖြစ်ခွင့်ရမယ်လို့ ထင်မထားခဲ့ပါဘူး။ အခုလိုမျိုးမမျှော်လင့် ဘဲ ဒီလိုစစ်မှုထမ်းရတဲ့အတွက်ကြောင့် ကျွန်တော်အလွန်ပဲ ဝမ်းသာပါတယ်၊ စစ်မှုမထမ်းရသေးတဲ့ လူငယ်တွေကို လည်း စစ်မှုထမ်းစေချင်ပါတယ်၊ ကိုယ့် လူမျိုး ကိုယ့်နိုင်ငံအတွက် ကာကွယ်ဖို့ အတွက်ပါ၊ သူငယ်ချင်းတွေကိုလည်း စစ်မှုထမ်းဖို့အတွက် ကျွန်တော် ဖိတ်ခေါ် ပါတယ်။

"ကျွန်တော်ကတော့ ဒုတိယနှစ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကပါ၊ နိုင်ငံသားတိုင်း ထမ်းဆောင်သင့်တဲ့ ပြည်သူ့စစ်မှုထမ်းဖို့၊ နိုင်ငံတော်ကာကွယ် ဖို့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျေပွန် အောင်ထမ်းဆောင်ချင်လို့ ဒီသင်တန်းကို တက်ရောက်ခဲ့ပါတယ်။ အားကြိုးမာန် တက် လေ့ကျင့်ကြိုးစားနေတဲ့ အစ်ကိုကြီး တွေကိုကြည့်ပြီးတော့ ကြိုးစားချင်စိတ် တွေ ဖြစ်ပေါ်လာပါတယ်၊ ကျွန်တော် လည်း ကြိုးစားသွားမှာပါ။

"ဒီသင်တန်းကိုလာရောက်တက်ရခြင်း ရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံသားတာဝန် ထမ်းဆောင်သင့်တဲ့ ပြည်သူ့စစ်မှုထမ်း တာဝန်ကို ကိုယ်တိုင်လည်း ထမ်းဆောင် လိုစိတ်ရှိတဲ့အတွက် လာရောက်တက် ခြင်း ဖြစ်ပါတယ်"။ **သတင်းစဉ်**







ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) သင်တန်းသားများ။

## စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း၌ မဲခေါင် - ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ ခေတ်မီနည်းပညာစွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သည် MSME များအပါအဝင် စက်မှု ကုန်ထုတ်လုပ်မှုကဏ္ဍ များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီဆန်းသစ်သည့် နည်းပညာ များကို အရည်အသွေးပြည့်မီစွာ အသုံးချနိုင်မည့် လူငယ်ပညာရှင် များ ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ဇေယျ သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်း ကျောင်း၌ ကျင်းပသော မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ Skills Dissemination Training on Industrial Internet of Things (IIoT) နှင့် Automation Technology သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက် ကာ အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**







ဒုတိယဝန်ကြီးက ပြောကြား ရာတွင် မဲခေါင်ဒေသတွင်းနိုင်ငံ များနှင့် ကိုရီးယားနိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှုသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး၊ နည်းပညာနှင့် ဗဟု သုတများ တန်းတူမျှဝေနိုင်ရေး၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဖလှယ်ရေး၊ ဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွား ရေး မြှင့်တင်နိုင်မှုတို့အတွက် အရေးပါလှကြောင်း၊ ယနေ့ခေတ် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်လျက်ရှိပြီး Fourth Industrial Revolution (IR 4.0) သည် ဖွံ့ဖြိုးတိုးတက်မှု အခွင့် အရေးများနှင့်အတူ စိန်ခေါ်မှုများ ကိုပါ ယူဆောင်လာကြောင်း၊ သို့ဖြစ်ရာ ခေတ်မီနည်းပညာများ ကို အမှန်တကယ် ကျွမ်းကျင်ကာ စံနှုန်းများပြည့်မီသည့် နည်းပညာ ရှင် အရင်းအမြစ်များကို ပြုစု ပျိုးထောင်ရန် လိုအပ်လာပါ ကြောင်း၊ သင်တန်းတွင် ပူးပေါင်း ဆောင်ရွက်ကြသည့် ကိုရီးယား နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် မဲခေါင်ဒေသတွင်း နိုင်ငံများမှ သင်တန်းသားများကို လည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါ ကြောင်း၊ သင်တန်းတွင် Industrial Internet of Things (IIoT) နှင့် Automation Technology များနှင့်စပ်လျဉ်း၍ နည်းပညာ ကျွမ်းကျင်မှုများအပြင် ဆန်းသစ် သည့် အတွေးအမြင်များကို သင်ယူ ရရှိသာမက အချင်းချင်းရင်းနှီး ပွင့်လင်းစွာ ဖလှယ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြား သည်။

ထို့နောက် စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်း ဆက်စကားနှင့် သင်တန်းဆိုင်ရာ အကျဉ်းချုပ် အချက်အလက်များ ကို ရှင်းလင်းတင်ပြကြပြီး သင်တန်းဆရာများက မိတ်ဆက် စကားများ ပြောကြားသည်။

အခမ်းအနားသို့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ်နှင့် တာဝန်ရှိသူများ၊ စီမံကိန်း အဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်း ကာလမှာ စက်တင်ဘာ ၉ ရက်မှ ၂၀ ရက်အထိဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**

## မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ခန့်အပ်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းကို ခန့်အပ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဦးမျိုးလှိုင်ဝင်းကို မြန်မာ့ လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ယခုလဆန်းပိုင်းက ခန့်အပ် ခဲ့ခြင်းဖြစ်ပြီး ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် Asean Cup ပြိုင်ပွဲတွင် စတင်တာဝန်ယူကိုင်တွယ်ရမည် ဖြစ်သည်။ ထို့ပြင် ဦးမျိုးလှိုင်ဝင်းသည် ယင်းပြိုင်ပွဲမတိုင်မီ မြန်မာ့ လက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။ ဦးမျိုးလှိုင်ဝင်းသည် လက်ရွေးစင်အသင်းအဖြစ် ယခင်က မြန်မာ ယူ-၁၉ အသင်းကို ကိုင်တွယ်ခဲ့ဖူးပြီး မြန်မာ့လက်ရွေးစင်အသင်း ကိုမူ ပထမဆုံးကိုင်တွယ်ခွင့်ရရှိခြင်းဖြစ်သည်။

ဦးမျိုးလှိုင်ဝင်းသည် နည်းပြဘဝကို အပျော်တမ်းကလပ်ဖြစ်သည့် Air Bagan အသင်းတွင် စတင်ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကလပ် များဖြစ်သည့် ရန်ကုန်ယူနိုက်တက်၊ နေပြည်တော်၊ ရောဝတီယူနိုက်တက် နှင့် ရှမ်းယူနိုက်တက်အသင်းတို့ကို ကိုင်တွယ်ခဲ့သည်။ ဦးမျိုးလှိုင်ဝင်း သည် နောက်ဆုံးကလပ်အဖြစ် ရှမ်းယူနိုက်တက်အသင်းကို ယခု နှစ်ဆန်းပိုင်းမှ စတင်ကိုင်တွယ်ခဲ့သော်လည်း MNL League Cup ပြိုင်ပွဲ တွင် ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို MNL အမှတ်ပေး ပြိုင်ပွဲတွင်လည်း ထိပ်ဆုံးနေရာ ပို့ဆောင်ပေးနိုင်ခဲ့သည်။ သို့သော် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင်အသင်း နည်းပြ ချုပ်နေရာအတွက် ဦးမျိုးလှိုင်ဝင်းကို ကမ်းလှမ်းခဲ့သဖြင့် ရှမ်းယူနိုက် တက်အသင်းက စာချုပ်ဖျက်သိမ်းပေးခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားဘော်လီဘော ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အေရုံ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးငွေလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင် ဘော်လီဘောအသင်းများ တက်ရောက်ကြသည်။






**အားကစားစိတ်ဓာတ်အပြည့်ယှဉ်ပြိုင်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ဝန်ကြီး ဌာန၏ အမျိုးသားဘော်လီဘောပြိုင်ပွဲ ကျင်းပရခြင်း မှာ ဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံး ကျန်းမာ ပျော်ရွှင်ပြီး ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိစေရေး၊ တစ်သင်းနှင့်တစ်သင်း အားကစားစိတ်ဓာတ်အပြည့် ဖြင့် ယှဉ်ပြိုင်ခြင်းအပေါ် အစုအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရေး၊ အားကစားလှုပ်ရှား မှုများကြောင့် ကိုယ်ကာယကြံ့ခိုင်မှု၊ စိတ်ဓာတ် ကြံ့ခိုင်မှုရှိစေရေး၊ ဝန်ကြီးဌာနအတွက် အင်အား တောင့်တင်းပြီး ခိုင်မာအားကောင်းသည့် ပြိုင်ပွဲဝင် ဘော်လီဘောအသင်းတစ်သင်း ဖြစ်ပေါ်လာပြီး အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ် ကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် ဝန်ကြီးဌာန ဂုဏ်ဆောင် ဘော်လီဘောအားကစားသမားများ ပေါ်ထွန်းလာပြီး နိုင်ငံတော်အဆင့် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး၌ ဝန်ကြီးဌာန ကိုယ်စားပြု ဘော်လီဘောအသင်းအဖြစ် ပါဝင်ယှဉ်ပြိုင် နိုင်ရေးအတွက် ရည်မှန်းချက်ထားကာ အားကစား စိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် ဝန်ကြီးရုံး e-ID ကိုယ်စားပြုအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲ ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ ပြိုင်ပွဲဝင်အသင်း (၈) သင်းဖြင့် အုပ်စု (၂) ခုခွဲကာ စက်တင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့်ကာယ ပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း ဖွင့်လှစ်သည့် ခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲ အခမ်း အနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့် ရေးစခန်း(Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။




အခမ်းအနားသို့ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း ဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ အားကစားနှင့် လူငယ် ရေးရာဝန်ကြီးဌာန ညွှန်ကြားရေး မှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ သင်တန်း နည်းပြဆရာများနှင့် သင်တန်း သားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသို့ တက်ရောက် သည့် သင်တန်းသားများသည် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်ကြီး၏ ရိုးရာခြင်းလုံးပြိုင်ပွဲ တွင် တာဝန်ယူကြမည့် ခြင်းလုံး ပညာရှင်များဖြစ်သည့် နည်းပြ များနှင့် ဒိုင်လူကြီးများဖြစ်သည့် အတွက် သင်တန်းတွင် မြန်မာ နိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ပြုပြင်ပြောင်းလဲထားသည့် ခြင်း ခတ်ပေါက် သတ်မှတ်ချက်များ၊ ခတ်နည်းအမှား၊ အမှန်များကို အချိန်နှင့်တစ်ပြေးညီ သိရှိစေ ရန် နည်းပြလက်စွဲစာအုပ် ပြုစု ထုတ်ဝေ ဖြန့်ချိပေးသွားမည့် အပြင် Projector နှင့် CD ခွေများ ကို အသုံးပြုပြီး ပြသသင်ကြား ပေးသွားမည်ဖြစ်၍ အမျိုးသား အားကစားပွဲတော်ကြီးအတွက် အကျိုးရှိထိရောက်မည့် အဆင့်မြင့် မွမ်းမံသင်တန်းတစ်ခုဖြစ်ကြောင်း၊ ပြိုင်ပွဲတစ်ခု၏ အနိုင်၊ အရှုံးသည် ဒိုင်လူကြီးများ၏ သမာသမတ်ကျ မှုအပေါ် မူတည်နေသည့်အတွက် ဒိုင်လူကြီးများ၏ အခန်းကဏ္ဍ သည် အလွန်အရေးကြီးကြောင်း၊ အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်း များကို တိကျသေချာစွာ သိရှိ နားလည်သဘောပေါက်ပြီး မိမိတို့ တာဝန်ယူဆောင်ရွက်မည့် ပြိုင်ပွဲ များတွင် အဂတိတရားလေးပါး ကင်းရှင်းစွာ သမာသမတ်ကျကျ ဆုံးဖြတ်ဆောင်ရွက်ပေးသွားနိုင် မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေး သွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိချောင်းအမျိုးမျိုး ဆက်လက်ထုတ်လုပ်သွားမည်





**နေပြည်တော် စက်တင်ဘာ ၉**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် စက်တင် ဘာ ၇ ရက် နံနက်ပိုင်းက မန္တလေး တိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) သို့ရောက်ရှိပြီး သံရည်ကျိုအလုပ်ရုံ အမှတ်(၁)တွင် သံရည်ကျိုလုပ်ငန်း ဆောင်ရွက်နေမှု (ယာပုံ)၊ လေးထောင့်ပုံသံမဏိချောင်းများ ထုတ်လုပ်နေမှု၊ အောက်ဆီဂျင် အလုပ်ရုံလည်ပတ်နေမှု၊ သံရည် ကျိုအလုပ်ရုံ အမှတ်(၂) လည်ပတ် နိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သည် နိုင်ငံပိုင်သံမဏိ စက်ရုံဖြစ်၍ ထုတ်လုပ်သည့် သံမဏိချောင်းများ၏ အရည် အသွေးအား သတ်မှတ်စံချိန် စံညွှန်းများနှင့် ညီညွတ်မှုရှိစေ ရေးအတွက် ထုတ်လုပ်မှုနည်းစဉ် တစ်လျှောက်ရှိ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်နှင့် စက်ရုံ မှထုတ်လုပ်သော လေးထောင့်ပုံ သံမဏိချောင်းများမှ တစ်ဆင့် ဆောက်လုပ်ရေး လုပ်ငန်းသုံး သံမဏိချောင်း အမျိုးမျိုး ဆက်လက် ထုတ်လုပ်သွားမည် ဖြစ်၍ အရည်အသွေးကောင်းမွန် စေရေး အလေးထားဆောင်ရွက် ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင် ရေးအတွက်လိုအပ်သောကုန်ကြမ်း ပစ္စည်းများနှင့် စက်အရန်ပစ္စည်း များကို ကြိုတင်ဝယ်ယူဖြည့်တင်း ထားရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဝန်ထမ်း တစ်ဦးချင်းစီအနေဖြင့် သတ်မှတ် စည်းကမ်းများ၊ လမ်းညွှန်ချက် များနှင့်အညီ စနစ်တကျလိုက်နာ ဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းသို့ တက်ရောက်အဖွင့်အမှာစကားပြောကြား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးသင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုး ရေးဒီဂရီကောလိပ်(ရန်ကုန်)၌ ကျင်းပ ပြုလုပ်သည့် ၂၀၂၄ ခုနှစ် အပြည်ပြည် ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်း အမှတ် အကြိုလှုပ်ရှားမှုတစ်ခုဖြစ်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းသို့ တက်ရောက် အဖွင့်အမှာစကားပြောကြား သည်။**(အပေါ်ယာပုံ)**

စကားဝိုင်းသို့ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစဉ်များ၌ မျိုးဆက် သစ် လူငယ်များ၏ စွမ်းဆောင်ရည် ပြည့်ဝစွာ ပူးပေါင်းပါဝင်မှုသည် အရေးပါ သည့်အတွက် ၂၀၂၄ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည် ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို **“ Em-powering the next generation for a resilient future” “အနာဂတ်မှာ ကြံ့ကြံ့ခံ နိုင်ဖို့ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့”** ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း။

တက္ကသိုလ်ကျောင်းသား ကျောင်းသူ တို့အနေဖြင့် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးတွင် ပါဝင်နေသည့် အချက်အလက်များကို သိရှိနားလည်ပြီး ဘေးဒဏ်ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းရှိသော အနာဂတ်တစ်ခု ဖြစ်လာစေရေး ကြိုးပမ်းအားထုတ်မှုတွင် တစ်ထောင့်တစ်နေရာက ပါဝင်လာစေရန် မျိုးဆက်သစ်များကို လက်ကမ်းကြိုဆို လျက်ရှိကြောင်းနှင့် စကားဝိုင်းအစီအစဉ် ကို တက်ရောက်လာကြသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် သဘာဝဘေးနှင့် သက်ဆိုင်သည့် အသိပညာ၊ ဗဟုသုတများကို လေ့လာ ဆည်းပူးကြပြီး ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျှော့ကျသွား ရန် တတ်စွမ်းသမျှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သော အနာဂတ် မျိုးဆက်သစ်များ ဖြစ်လာစေရေး ကြိုးစားဆောင်ရွက်ရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ်ရှိ အမျိုးသမီးလေးများ သင်တန်းကျောင်း(မလိခ)သို့ ရောက်ရှိပြီး



သင်တန်းကျောင်း၌ အမျိုးသမီးလေးများ အား လက်ခံစောင့်ရှောက်ထားရှိမှု၊ သင်တန်းသူလေးများ ဘော်လီဘော အားကစား လေ့ကျင့်နေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်၊ အခြေခံပညာ မူလတန်းကျောင်း၊ သက်မွေးသင်တန်း များဖြစ်သည့် စက်ချုပ်၊ လက်ကောက်၊ ဆွဲကြိုး၊ ပုတီးများပြုလုပ်ခြင်းနှင့် ဆံပင် အလှပြင် လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ကျောင်းတွင် Grade I မှ တက္ကသိုလ်အထိ အတန်းပညာသင်ကြား နေသူ ၈၅ ဦး၊ ပြင်ပတွင် အလုပ်လုပ်ကိုင်နေ သာ အမျိုးသမီး ၁၃ ဦး၊ ကျောင်းတွင်း သက်မွေးပညာသင်ကြားမှုခံယူနေသူ ၃၀ စုစုပေါင်း ၁၂၈ ဦးကို လက်ခံစောင့်ရှောက် ပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ အမျိုးသမီး သက်မွေး အတတ်ပညာသင်ကျောင်း၌ ကျောင်းအုပ်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ ပြီး စောင့်ရှောက်ထားသော အမျိုးသမီး များကို အကျင့်စာရိတ္တပြုပြင်ပေးခြင်း အပြင် ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ပညာရှင်များဖိတ်ခေါ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေး ရန်နှင့် သင်တန်းသူများနေရပ်ပြန်ပါက ပြန်လည်အသုံးချနိုင်မည့် ထိရောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန် မှာကြားကာ သက်မွေး သင်တန်းအခန်း၊ အိပ်ဆောင်၊ စားဖိုဆောင် နှင့် ထမင်းစားခန်းတို့ကို လှည့်လည် ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သည် ပြစ်မှုရင်ဆိုင်ဆဲ ကျောင်းသူများ၊ အကြမ်းဖက်ခံရသော အမျိုးသမီးများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေး သည့် စင်တာ (One Stop Women Support Center-OSWSC)မှ အမျိုးသမီး များနှင့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြား သည်။

ရန်ကုန်အမျိုးသမီး သက်မွေးအတတ် ပညာသင်ကျောင်းတွင် ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်သည့် ပြစ်မှု ရင်ဆိုင်ဆဲ ကျောင်းသူ ၁၂ ဦး၊ ကာကွယ် စောင့်ရှောက်ရန် လိုအပ်သည့် အုပ်ထိန်း သူမဲ့ ကျောင်းသူ ၂၂ ဦး၊ OSWSC တွင် ၁၀ ဦး စုစုပေါင်းကျောင်းသူ ၄၄ ဦးကို စောင့်ရှောက် လေ့ကျင့်ပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလယ်အလတ်အဆင့်၊ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၀၂) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

အလယ်အလတ်အဆင့်၊ အဆင့်မြင့် စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၁၀၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်း ဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသ ကြီး စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား များက Online ဖြင့် တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စု



စာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက သင်တန်းတွင် စာရင်းပညာနားလည် တတ်ကျွမ်းပြီး စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ စာရင်းမှတ်တမ်းများကို အမှား အယွင်းမရှိ တိကျမှန်ကန်စွာ ရေးဆွဲ ဆောင်ရွက်နိုင်စေရန်နှင့် ရုံးလုပ်ငန်းများ ကို စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက် နိုင်စေရန်တို့အတွက် လုပ်ငန်းခွင်တွင် အမှန်တကယ် အထောက်အကူပြုနိုင်မည့် ဘာသာရပ်များကို ပို့ချသွားမည်ဖြစ် ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ယူမှုများကို လက်တွေ့ ပြန်လည်အသုံးချနိုင်ရန်အတွက်အလေးထား လေ့လာမှတ်သားကြရန်နှင့် သင်တန်း စည်းကမ်းများကို လေးစားလိုက်နာပြီး နိုင်ငံနှင့်ဌာနမှ အားထားရသည့် ကျင့်ဝတ် သိက္ခာနှင့်ပြည့်စုံသော ဝန်ထမ်းကောင်း များဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။(ဝဲပုံ)

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော် သင်တန်းကျောင်းတာဝန်ခံက သင်တန်း ဆိုင်ရာအချက်အလက်များကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း ကျောင်း နေပြည်တော်နှင့် ရန်ကုန်မြို့တို့ တွင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အလယ် အလတ်အဆင့်သင်တန်းတွင် သင်တန်း သား ၃၁၄ ဦး၊ အဆင့်မြင့်သင်တန်းတွင် သင်တန်းသား ၁၅၄ ဦး စုစုပေါင်း ၄၆၈ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မင်းဟန်နှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က ရမည်းသင်းခရိုင်ပြည်သူ့ ဆေးရုံကြီး၌ စုပေါင်းသွေး လှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး ကွင်းဆင်းကြည့်ရှုဆောင်ရွက်



**တောင်ငူ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ဦးစွာ တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်အစည်းအဝေးခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ တောင်ငူမြို့ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်၍ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးနှင့် တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့ ကေတုမတီရှေးဟောင်းကျုံး၊ ယိုးဒယားပေါက်သို့ ရောက်ရှိခဲ့ပြီး ကျုံးပတ်လမ်း သန့်ရှင်းသာယာလှပမှုရှိစေရေး၊ လမ်းမီးများ ပြန်လည်ကောင်းမွန်စေရေး ပြင်ဆင်ရန်နှင့် မြေယာရှုခင်းအလှများ ပြန်လည်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကေတုမတီမြို့ဟောင်းတည်ဆောက်ရာတွင် မြို့တံခါးပေါက် ၂၀၊ သိမ်ကျောင်း ၂၀ ရှိပြီး ယခုအခါ သိမ်ကျောင်းနေရာ ၁၁ ခုသာ ပြန်လည်ဖော်ထုတ်နိုင်မှုနှင့်ပတ်သက်၍ ကြာနီကန်ပရိယတ္တိစာသင်တိုက်အတွင်းရှိ မဟာပရက္ကမသိမ်နေရာ ကျောက်ပန္နက်တိုင်များအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြာနီကန်ကျောင်း ပဓာနနာယကဆရာတော်အား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်အောင်မြင်တံခါး(ခ)မင်္ဂလာတံခါးပေါက်သို့ ရောက်ရှိပြီး ကျုံးအတွင်းပတ်လမ်း ဖောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးကာ ကျုံးအတွင်းပတ်လမ်းတစ်လျှောက် ဂဝံမြေနီလမ်းခင်းခြင်းများ ဆောင်ရွက်နိုင်ရေးနှင့် ကျုံးအတွင်းပတ်လမ်းအား အမြန်ဆုံးပြီးနိုင်ရေး၊ လမ်းဧရိယာအတွင်း မလွတ်ကင်းသည့် လမ်းမီးတိုင်များနှင့် သစ်ပင်များ ရွှေ့ပြောင်းနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စင်တံခါးပေါက်အနီးရှိ ကျုံးရေပြင်မှ ဗေဒါပင်များ ဆယ်ယူနေမှုလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျုံးအတွင်း ရေဝင်ရေထွက် ကောင်းမွန်မှုရှိစေရေး၊ ရေခန်းခြောက်မှုမရှိစေရေး အခြားရေအရင်းမြစ်များရှာဖွေ၍ ရေဖြည့်သွင်းခြင်းများ ဆောင်ရွက်သွားရန်၊ ကျုံးအတွင်း ဗေဒါပင်များအား ဒေသဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး ကေတုမတီရှေးဟောင်းကျုံးပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စုရှိ တောင်သူ ဒေါ်ခင်ငြိမ်း၏ မိုးစပါးစိုက်ကေများ သဘာဝမြေဩဇာနှင့်ဓါတ်မြေဩဇာရောစပ် ကြဲပက်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကော့သောင်းမြို့ အထက(ခွဲ)အလက (၂) ကျောင်းဆောင်သစ်များ တက်ရောက်ဖွင့်လှစ်

**ကော့သောင်း စက်တင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း (ရွှေမင်းဝံကျောင်း) ရှိ ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်က ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မဟော်ဂနီဆောင် ပေ (၁၄၀/၃၀) RCC သုံးထပ် ကျောင်းဆောင်နှင့် ပိတောက်ဆောင် ပေ (၇၀/၃၀) RCC သုံးထပ်ကျောင်းဆောင်တို့၏ ကျောင်းဆောင်အသစ်များ ဖွင့်ပွဲမုခ်ဦးအား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်မှ တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**



ထို့နောက် ကျောင်းဆောင်ဆောက်လုပ်သည့် ကုမ္ပဏီက ကျောင်းဆောင် အသစ်ဆိုင်ရာ မှတ်တမ်းများအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ပညာရေးမှူး ဦးဝင်းနောင်က လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်များဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်ကံ့ကော်ပင်ကို အမှတ်တရ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၉) တပ်ခွဲ၊(လက်ပံတန်း)မှ တပ်ခွဲမှူး ဒုတိယရဲမှူး စန်းယု ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၇ ရက်က လက်ပံတန်းမြို့ရှိ လောကမာန်အောင် ရွှေဘုန်းရောင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက်က ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်ကြီး၌ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွန်း ဦးဆောင်၍ တိုင်းတပ်ဖွဲ့မှူးရုံး၊ တိုင်းအကူရဲတပ်ဖွဲ့ခွဲ၊ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့နှင့် ပဲခူးမြို့နယ်မြေအတွင်းရှိ သတင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ သက်ထက်

# သာယာဝတီမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**သာယာဝတီ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် (၁၂) ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက သာယာဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူးရဲအုပ် ဥက္ကာသွင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ က "ကလေးသူငယ်ချန်ထား လူကုန်ကူးမှုတိုက်ဖျက်သွား" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**



နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

# တရုတ်နိုင်ငံက ကနေဒါနိုင်ငံ၏ ဆီမုန်ညင်းစေ့တင်သွင်းမှုအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်

**တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်များ၊ သံမဏိနှင့် အလူမီနီယံများအပေါ် အကောက်ခွန်နှုန်းများ သတ်မှတ်လိုက်သည့် ကနေဒါနိုင်ငံ၏ ဆုံးဖြတ်ချက်အပေါ် ပါးကိုက်လျှင် နားရွက်ပြန်ကိုက်သည့် တုံ့ပြန်မှုတစ်ခုအဖြစ် ကနေဒါနိုင်ငံမှ canola သွင်းကုန်များနှင့်စပ်လျဉ်း၍ တန်ပြန်စုပုံ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရန် တရုတ်နိုင်ငံက စီစဉ်လျက်ရှိကြောင်း သိရသည်။**

တရုတ်နိုင်ငံအနေဖြင့် အကောက်ခွန်နှုန်းများ သတ်မှတ်လိုက်ခြင်းအပေါ် ကျေနပ်မှုမရှိဘဲ ပြင်းထန်စွာကန့်ကွက်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားဖြေရှင်းမှု လုပ်ငန်းစဉ်အောက်မှ ဖြေရှင်းဆောင်ရွက်သွားရန်ရည်ရွယ်ကြောင်း အင်္ဂါနေ့က ထုတ်ပြန်ချက်တစ်ရပ်တွင် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ အကောက်ခွန်ဌာန၏အချက်အလက်များကို ကိုးကားထားသည့် Bloomberg ၏ သတင်းအရ ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ၏ ဆီမုန်ညင်းစေ့တင်သွင်းမှု စုစုပေါင်း ၉၀ ရာခိုင်နှုန်းသည် ကနေဒါနိုင်ငံမှဖြစ်ပြီး စုစုပေါင်းတန်ချိန်မှာ ၅ ဒသမ ၀၅ သန်းခန့်ရှိသည်။

တရုတ်နိုင်ငံ ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ပြောကြားချက်အရ တရုတ်နိုင်ငံသို့ ကနေဒါနိုင်ငံမှ ဆီမုန်ညင်းစေ့တင်ပို့မှုများမှာ သိသိသာသာတိုးတက်လာခဲ့ကြောင်းနှင့် ကနေဒါနိုင်ငံ၏ မမျှတသောယှဉ်ပြိုင်မှုကြောင့် တရုတ်နိုင်ငံ ပြည်တွင်းဆီမုန်ညင်းနှင့် ဆက်စပ်သည့်စက်ရုံများမှာ ငွေကြေးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ထပ်လောင်းဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ကနေဒါ၏ စုပုံတင်ပို့မှုမှာ နှစ်အလိုက် ၁၇၀ ရာခိုင်နှုန်းတိုးလာကာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၇ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ဈေးနှုန်းများမှာ ဆက်လက်ကျဆင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံက တန်ပြန်စုပုံစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ပြောကြားလိုက်ပြီးနောက် Zhengzhou Commodity Exchange တွင် ဆီမုန်ညင်းစေ့ ဈေးနှုန်းများသည် ၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ကာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၁ ဒသမ ၈၀ ဖြင့် ဩဂုတ် ၆ ရက်နောက်ပိုင်း စံချိန်တင်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း Reuters သတင်းအရ သိရှိရသည်။

တရုတ်နိုင်ငံအနေဖြင့် Canola တင်သွင်းမှုများအပြင် ကနေဒါနိုင်ငံ၏ ဓာတုဗေဒထုတ်ကုန်ပစ္စည်းများကိုလည်း စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားကူးသန်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် ၎င်း၏ ပြည်တွင်းကုမ္ပဏီများကို အကာအကွယ်ပေးနိုင်ရန်အလို့ငှာ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့၏ သတ်မှတ်ချက်များနှင့်အညီ တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်များအပေါ် ၁၀၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများမှ သံမဏိနှင့် အလူမီနီယံများအပေါ် ၂၅ ရာခိုင်နှုန်း အခွန်ပေးဆောင်ရန် ပြီးခဲ့သည့်အပတ်က ကြေညာခဲ့သည်။

ပေကျင်း၏ ပြည်တွင်းထုတ်လုပ်သူများအား မမျှတသောအထောက်အပံ့ပေးမှုများကြောင့် ၎င်းတို့၏ထုတ်ကုန်များမှာ ပြည်ပဈေးကွက်များတွင် စုပုံမှုများဖြစ်ပေါ်စေပြီး အဆိုပါဈေးကွက်များရှိ ပြည်တွင်းကုမ္ပဏီများမှာ ထိခိုက်နစ်နာမှုများ ကြုံတွေ့ရသည့်အတွက် အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့က တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်များအပေါ် မကြာသေးမီက အခွန် ၁၀၀ ရာခိုင်နှုန်းနှင့် ၃၆ ရာခိုင်နှုန်း အသီးသီး သတ်မှတ်ခဲ့ကြသည်။

ကနေဒါနိုင်ငံက ချမှတ်သည့် အကောက်ခွန်အသစ်မှာ Hybrid ခရီးသည်တင် မော်တော်ယာဉ်များ၊ ကုန်တင်ကားများ၊ ဘတ်(စ်)ကားများနှင့် ကုန်ပစ္စည်းဖြန့်ဖြူးသည့် ယာဉ်များအတွက် အောက်တိုဘာ ၁ ရက်တွင်လည်းကောင်း၊ သံမဏိနှင့် အလူမီနီယံတို့အတွက် အောက်တိုဘာ ၁၅ ရက်တွင်လည်းကောင်း စတင်ကောက်ခံသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Justin Trudeau က ပြီးခဲ့သည့်အပတ်တွင် ကြေညာခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် ချက်ပြုတ်ခြင်းလုပ်ငန်း (သို့) စက်မှုလုပ်ငန်းများအတွက် အသုံးပြုသည့် canola ကို ကမ္ဘာ့ထိပ်တန်းတင်ပို့နေသည့် နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည်လည်း ကမ္ဘာပေါ်တွင် ဆီထွက်သီးနှံအများဆုံးဝယ်ယူသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း Reuters ၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

သတင်းစဉ်

# တိုင်ဖွန်းယာဂီ ဝင်ရောက်တိုက်ခတ်မှု လူ ၅၉ ဦး သေဆုံး

**ဟနွိုင်း စက်တင်ဘာ ၉**

တိုင်ဖွန်းမုန်တိုင်း ယာဂီ ဝင်ရောက်မှုကြောင့် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့တွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပြီး လူ ၅၉ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် မြေပြိုခြင်း၊ ရေကြီးခြင်းနှင့် အခြားသက်ရောက်မှုများကြောင့် ဗီယက်နမ်နိုင်ငံတွင် ၃၅ ဦး၊ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀ နှင့် တရုတ်နိုင်ငံတွင် လေးဦးသေဆုံးခဲ့သည်။

စနေနေ့က မုန်တိုင်းယာဂီကျရောက်ပြီးနောက် ဟနွိုင်းဒေသခံများသည် သန့်ရှင်းရေးလုပ်ငန်းများဖြင့် အလုပ်များလျက်ရှိသည်။ မုန်တိုင်းကြောင့် နေအိမ်အမိုးများ ကျွတ်ထွက်ခြင်း၊ သစ်ပင်များလဲခြင်းနှင့် အခြားပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

လေထုအခြေအနေ တည်ငြိမ်မှုမရှိသေးကြောင်းနှင့် မြေပြိုမှုဖြစ်ပွားခြင်းများကို ပြည်သူများအနေဖြင့်သတိထားရန် ဗီယက်နမ်မိုးလေဝသအေဂျင်စီက ပြောကြားထားသည်။

အမေရိကန်ပူးတွဲတိုင်ဖွန်းသတိပေးဌာနက ယာဂီကို စူပါတိုင်ဖွန်းအဖြစ် သတ်မှတ်ခဲ့ပြီး အတိုင်းအတာပမာဏအားဖြင့် အပြင်းထန်ဆုံးဖြစ်ကြောင်း ဖော်ပြခဲ့သည်။

တနင်္ဂနွေနေ့က အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် အပူပိုင်းလေဖိအားနည်းရပ်ဝန်းအဖြစ် ပြောင်းလဲခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ဖော်ပြခဲ့သည်။

အင်န်အိတ်ချ်ကေ



# ဖီဂျီနိုင်ငံ၌ ကျန်းမာရေးလုပ်သားအင်အား ရှားပါးမှုကြောင့် ရုန်းကန်နေရ

**ဆူဗာ စက်တင်ဘာ ၉**

ဖီဂျီနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများ အစုလိုက်အပြုံလိုက် အလုပ်ထွက်ခွာမှုကြောင့် အဆိုပါပြဿနာကိုဖြေရှင်းရန် လုပ်ဆောင်နေရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဝန်ထမ်းအသစ်များ ခန့်ထားလျက်ရှိသော်လည်း ဝန်ထမ်းရှားပါးမှုကို အပြည့်အဝဖြေရှင်းရန် မလုံလောက်သေးကြောင်း၊ အချို့သောဆေးရုံများသည် စွမ်းဆောင်ရည်အနိမ့်ဆုံးနီးပါးဖြင့် လည်ပတ်နေရကြောင်း ကျန်းမာရေးဝန်ကြီး အန်တိုနီယို လာလာဘာလာဗူက ဖီဂျီရုပ်သံလွှင့်ဌာနသို့ စက်တင်ဘာ ၉ ရက်က ပြောကြားသည်။

**နိုင်ငံသား ၄၀၀၀၀ ကျော်ထွက်ခွာ**

ဖီဂျီနိုင်ငံသည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပြည်ပသို့ ရွှေ့ပြောင်းအခြေချမှု အများအပြားကို ကြုံတွေ့နေရပြီး ဖီဂျီနိုင်ငံသား ၄၀၀၀၀ ကျော် နိုင်ငံမှထွက်ခွာသွားခဲ့ရာ ယင်းပမာဏသည် ပြန်လည်ဝင်ရောက်လာသည့် အရေအတွက်ထက် ပိုမို များပြားခဲ့သည်။

ထိုသို့ အလုပ်သမားများ အစုလိုက်အပြုံလိုက် ထွက်ခွာသွားမှုသည် နိုင်ငံတော်၏ စီးပွားရေးနှင့် လုပ်သားအင်အားအပေါ် ထိခိုက်နေပြီး မူဝါဒချမှတ်သူများအပေါ် စိုးရိမ်မှုများ မြင့်တက်လာစေလျက်ရှိသည်။

ဆင်ဟွာ

# ဆီးရီးယားစစ်စခန်းများကို အစ္စရေးလေကြောင်းတိုက်ခိုက်မှု ၁၈ ဦး သေဆုံး

**ဒမတ်စကတ် စက်တင်ဘာ ၉**

ဆီးရီးယားနိုင်ငံအလယ်ပိုင်း ဟာမာပြည်နယ် မက်စ်ရပ်ဖ်မြို့ရှိ စစ်စခန်းများကို အစ္စရေးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား လေးဦးအပါအဝင် ၁၈ ဦး သေဆုံးကြောင်း သတင်းများတွင် ဖော်ပြသည်။

လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသူ ၁၈ ဦးထက်မနည်းရှိပြီး အရပ်သား လေးဦး၊ ဆီးရီးယားတပ်ဖွဲ့မှ အရာရှိရှစ်ဦးနှင့် အမည်မသိရသေးသူ ခြောက်ဦးရှိကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။



တိုက်ခိုက်မှုများသည် မက်စ်ရပ်ဖ်မြို့ရှိ သိပ္ပံသုတေသနစင်တာနှင့် အယ်လ်ဇာဝီရေိယာရှိ အခြားနေရာနှစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း လေ့လာရေးအဖွဲ့ကပြောသည်။ အဆိုပါနေရာများတွင် မီးလောင်မှုများကြောင့် အကြီးအကျယ်ပျက်စီးသွားခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုများသည် အနောက်မြောက်ဘက်ဘာနီရပ်စ် ကမ်းရိုးတန်းအနီးရှိ နေရာတစ်ခုကိုလည်း ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

တိုက်ခိုက်မှုများကြောင့် မက်စ်ရပ်ဖ် ဝါဒီအယ်လ်အိုယွန်း အဝေးပြေးလမ်းမကြီး အကြီးအကျယ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြုပြင်မှုများ လုပ်ဆောင်နေချိန်တွင် အနီးနားရှိ ကျေးရွာများမှတစ်ဆင့် ယာဉ်လမ်းကြောင်း လွှဲပေးထားကြောင်း ဒေသခံမီဒီယာက ဆိုသည်။

အစ္စရေးသည် ၂၀၂၄ ခုနှစ် အစပိုင်းမှစတင်၍ လေကြောင်းတိုက်ခိုက်မှု ၄၇ ကြိမ်နှင့် မြေပြင်ချေမှုန်းတိုက်ခိုက်မှု ၁၇ ကြိမ်အပါအဝင် တိုက်ခိုက်မှု ၆၄ ကြိမ်ပြုလုပ်ခဲ့ပြီး လက်နက်သိုလှောင်ရုံများနှင့် စစ်ဘက်ဆိုင်ရာ နေရာများကဲ့သို့သော ပစ်မှတ် ၁၃၈ ခုကို ဖျက်ဆီးခဲ့ကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့က မှတ်ချက်ပြုသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားနေသူ ၁၄ ဦးအထိ တိုးလာ

**မနီလာ စက်တင်ဘာ ၉**

ဖိလစ်ပိုင်၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူအသစ်ခြောက်ဦး တွေ့ရှိသောကြောင့် လက်ရှိရောဂါဖြစ်ပွားနေသူအရေအတွက် ၁၄ ဦးအထိ တိုးလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

လူနာအသစ်များ အားလုံးသည် ပြင်းထန်ကလိတ်(၂) မျိုးကွဲဗိုင်းရပ်စ် ကူးစက်ခံထားရသော်လည်း တစ်ဦးတစ်ယောက်မှ သေဆုံးသူမရှိသည့်အတွက် ဆက်လက်ထိန်းချုပ်ထားနိုင်သေးကြောင်း ကျန်းမာရေးဌာနလက်ထောက်အတွင်းဝန် အဲလ်ဘတ်ဒိုမင်ဂိုက ပြောသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လမှစ၍ ယခုထပ်မံကူးစက်ခံရသူများ အပါအဝင် ယခုအချိန်ထိ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၃ ဦးရှိပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဩဂုတ် ၁၄ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိကတိုက်၏ နေရာအတော်များများတွင် မျောက်ကျောက်ရောဂါ ကူးစက်မှုများပြားလာပြီးနောက် မျောက်ကျောက်ရောဂါကိုပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သော်လည်း ဖိလစ်ပိုင်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါကာလကဲ့သို့ နယ်စပ်ဂိတ်များနှင့် ရပ်ရွာဒေသများတွင် အသွားအလာကန့်သတ်ခြင်းသို့မဟုတ် ပိတ်ဆို့ခြင်းအစီအစဉ်ကို ချမှတ်ရန်မရှိသေးကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး တီယိုဒိုရိုဟာဘိုဆာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆင်ဟွာ

# အောင်လံမြို့နယ်၌ ပဲတီစိမ်းသစ်များ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ မြို့လှ(ရွာမ)၊ မြို့လှ(ချိုင်းစု)၊ မြို့လှ (ကျောင်းစု) စသည့်ကျေးရွာများတွင် ပဲတီစိမ်းသီးနှံကို အဓိကထား၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်းသီးနှံကို တစ်နှစ်လျှင် မိုးနှင့်ဆောင်းနှစ်ရာသီစိုက်ပျိုးကြပြီး ယခုနှစ်တွင် ပဲတီစိမ်းစိုက်ဧက ၁၂၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးပဲတီစိမ်းကို ဇွန်လဆန်းတွင် စတင်စိုက်ပျိုးကြပြီး ဩဂုတ်လကုန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ပဲတီစိမ်း (မြကြေးမုံ) မျိုးနှင့် ပဲတီစိမ်း (ကျောက်စိမ်း) မျိုးများကို စိုက်ပျိုးကြပြီး ပဲတီစိမ်း (မြကြေးမုံ) မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် တစ်ဧကလျှင် မျိုးစေ့ ၈ ပြည်ခန့် စိုက်ပျိုးရပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် တစ်ဧကလျှင် ငွေကျပ် ၄၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၆-၁၉ တင်းခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထား၊ သီးနှံအောင်မြင် ဖြစ်ထွန်းမှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ ပထမပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀-၅၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၆၅၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။



ဈေးကွက်အနေဖြင့် အောင်လံမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် တရုတ်၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ တင်ပို့ကြောင်း၊ ပဲတီစိမ်းအထွက်နှုန်းမှာ ယခုနှစ်တွင် ယခင်နှစ်ကထက် ပိုမို ကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

**DOCA (မကွေး)**

# တောင်တွင်းကြီးမြို့နယ်၌ ခရမ်းသီးဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ညောင်ဝန်းကျေးရွာတွင် စားဖိုဆောင်သီးနှံဖြစ်သည့် ခရမ်းသီးကို မြေအောက်ရေတင်စနစ်ဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ၅ ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။



မျိုးအနေဖြင့် အစိမ်းကြား ခရမ်းသီးမျိုးနှင့် ဆင်စွယ်ခရမ်းသီးမျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ခရမ်းမျိုးစေ့ ၁၉ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် အတန်းလိုက် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး ခရမ်းမျိုးစေ့ကို ပျိုးထောင်၍ ၁၅ ရက်သားအရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ ဇွန်လတွင် စတင်ပျိုးထောင်၍ စိုက်ပျိုးပြီး ဩဂုတ်လဆန်းတွင်စတင်ထွက်ပေါ်လျက်ရှိရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက်မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၁ သိန်းခန့် ကုန်ကျပြီး ပိဿာချိန် ၁၅၀၀-၂၀၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်း ကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ ပထမပတ်တွင် ခရမ်းသီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀-၂၀၀၀ ဖြင့် ရောင်းချပြီး ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၁ သိန်းကျော်ခန့်ရရှိရာ ယခုနှစ်တွင် ခရမ်းသီးအထွက်နှုန်း ကောင်းမွန်ပြီး ဈေးကောင်းရရှိသောကြောင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

**DOCA (မကွေး)**

# အထက်မင်းလှမြို့နယ်အတွင်း မိုးနေကြာစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် တောင်ဦးကျေးရွာတွင် ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိပြီး မိုးနေကြာသီးနှံ ဧက ၃၀ ခန့် စိုက်ပျိုးထားရှိရာ စက်တင်ဘာလ ပထမပတ်မှစတင်၍ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

နေကြာသီးနှံကို မေလနှင့်ဇွန်လတို့တွင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၍ အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး မျိုးအနေဖြင့် ဆင်းရွှေကြာ -၂ မျိုးကို စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် နေကြာမျိုးစေ့ ၂ ပြည်ခန့် စိုက်ပျိုးရပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ၁၀-၁၃ တင်းခန့် ထွက်ရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးသည့်အတွက် အထွက်နှုန်းလျော့နည်းကြောင်း၊ ဈေးနှုန်းအနေဖြင့် နေကြာသီးနှံ တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀ ဖြင့် ရောင်းချရ၍ ယခုနှစ်တွင် ဈေးကောင်းရရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင်ငွေကျပ် ၆ သိန်းကျော်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့ရှိ ဆီစက်လုပ်ငန်းရှင်များမှ ဝယ်ယူမှုများအပြင် မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် မိုးနေကြာသီးနှံ အထွက်နှုန်းလျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**



## ၉.၉.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၅၀၀၀ | - | ၁၉၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၆၀၀၀ | ၃၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၄၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၇၄၅၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၅၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၂၅၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၇၂၂၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၇၄၃၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀၀ | ၆၂၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၇၆၅၀ | ၁၃၅၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၁၇၀၀ | ၉၀၀၀ | ၈၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၃၅၀ | ၇၅၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၆၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၈၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၂၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၃၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၇၆၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၆၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၉၀၀၀ | ၇၄၅၀ | ၁၀၅၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၈၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၄၀၀ | ၈၅၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၈၆၀၀ | ၇၄၆၅ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၈၀၀ | ၁၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၆၀၀ | ၅၄၀၀ | ၁၃၆၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၄၆၅ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၄၀၀ | ၁၉၀၀၀ | ၈၅၀၀ | ၅၂၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၈၀၀ | ၅၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၁၀၀ | | ၁၇၅၀၀ | ၁၄၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၁၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၆၀၀၀ |

## ပေါင်မြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်



**ပေါင် စက်တင်ဘာ ၉**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက (အထက) ပေါင်ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက ကျေးဇူးတင်စကား ပြောကြားသည်။

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ဂုဏ်ထူးရရှိသည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြို့နယ်အတွင်း အောင်ချက် ၆၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ပြီး ခြောက်ဘာသာ တစ်ဦး၊ ငါးဘာသာ ခြောက်ဦး၊ လေးဘာသာ တစ်ဦး၊ သုံးဘာသာ လေးဦး၊ နှစ် ဘာသာ ရှစ်ဦး၊ တစ်ဘာသာ ၂၈ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၄၈ဦးနှင့် ထူးချွန်စွာ သင်ကြားပြသပေးခဲ့သော ဆရာ ဆရာမ ၁၄ ဦးတို့ကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။(အပေါ်ဝဲပုံ)

**မွန်မလေး(ပြန်/ဆက်)**



၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စောစိုးမိုးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းစဉ်။ ဇော်ဘီ

## ဆီထွက်သီးနှံစီမံကိန်းမှ မိုးမြေပဲကေ ၂၅၀၀ အတွက် သွင်းအားစုများပေးအပ်

**မလှိုင် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ၂၀၂၄-၂၀၂၅ ခုနှစ် (မြေပဲ ၊ နှမ်း ၊ နေကြာ) ဆီထွက်သီးနှံစီမံကိန်းမှ မိုးမြေပဲကေ ၂၅၀၀ အတွက် သွင်းအားစုများ ပေးအပ်ပွဲကို ကံကြီးကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ တောင်သူအစုအဖွဲ့ ခေါင်းဆောင်များ၊ တောင်သူများနှင့် ယနေ့နံနက်ပိုင်းက တွေ့ဆုံကွင်းဆင်း ပေးအပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းယုက မျိုးစေ့နှင့် သွင်းအားစုများ ထုတ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တာဝန်ရှိသူများက သွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။(အပေါ်ယာပုံ)



သွင်းအားစုများ ပေးအပ်ပွဲတွင် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာခြောက်ရွာမှ တောင်သူ ၈၀ ကို တစ်ဧကလျှင် ကွန်ပေါင်းမြေဩဇာတစ်အိတ်၊ ကျောက်မှုန့်မြေဩဇာနှစ်အိတ်နှုန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြတ်ထွန်း(မလှိုင်)**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့နယ်ဦးဝိစာရရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၉ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖုန်းက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ နည်းဥပဒေများ ရှင်းလင်းပြောကြားကာ အစုပေါ်အမြတ်ငွေနှင့်အသင်းသားများအား ဂရိတ်မြေပဲဆီသန့် လက်ဆောင်များ ပေးအပ်စဉ်။ အာကာလင်း

❑ *ကျောဖုံးမှ*

ဘင်္ဂလားဒေ့ရှ်ဆိပ်ကမ်းသို့ ရေချိုငါးမြစ်ချင်းနှင့်ငါးတန်ကို အဓိကထား တင်ပို့လျက်ရှိပြီး ထိုနိုင်ငံမှတစ်ဆင့် ဒူဘိုင်းနှင့်ဆော်ဒီအာရေဗျနိုင်ငံသို့ ကုန်စည်စီးဆင်းသည်။

"ငါးမြစ်ချင်းနဲ့ ငါးတန်တင်ပို့မှုဆိုရင် ပြည်ပဝယ်လိုအားရှိနေတဲ့အတွက် ကြားခံပွဲစားမပါဘဲ တိုက်ရိုက် တင်ပို့နိုင်မယ်ဆိုရင် ပြည်ပဝင်ငွေရရှိပြီး နိုင်ငံတော်အတွက် အခွန်ငွေပိုမိုရရှိလာစေမယ့်အပြင် မွေးမြူသူနဲ့တင်ပို့သူလည်း အကျိုးရှိစေမှာပါ" ဟု ရွှေပိတောက်ငါးဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မွေးမြူရေးကန်များမှ ငါး/ပုစွန်များကို ရာသီမပြတ် မွေးမြူထုတ်လုပ်လျက်ရှိပြီး ရေချန်ထွက်ကုန်များကိုလည်း ထိုင်း၊ တရုတ်နှင့် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ ရွှေပိတောက်ငါးဈေးကြီးကို နံနက် ၃ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ်ဖွင့်လှစ်လျက်ရှိပြီး ဝင်းအတွင်း၌ ဈေးရုံပေါင်းရှစ်ရုံ၊ ဆိုင်ခန်းပေါင်း ၄၄၄ ခန်းနှင့် ပုံကျဆိုင်ခန်း ၉၀ ကျော်ဖြင့် နေ့စဉ်ရေထွက်ကုန် ဝယ်ယူသူ၊ ဖြန့်ဖြူးသူ တစ်သောင်းခန့် ဝင်ရောက်သည်။ ရွှေပိတောက်ငါးဈေးတွင် ရေချိုငါးအမျိုးအစား ၂၀ခန့်နှင့် ရေငန်ငါးအမျိုးအစား ၂၅ မျိုးခန့် ဖြန့်ဖြူးရောင်းချလျက်ရှိကာ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးထက် အရောင်းအဝယ် သွက်လျက်ရှိသည်။

လူဦးရေနှစ်စဉ် တိုးလျက်ရှိသော ရန်ကုန်မြို့ပြတွင် စားသောက်ကုန် လိုအပ်ချက်ကို အထောက်အကူပြုလျက်ရှိသော ရေထွက်ကုန်များ ဝင်ရောက်စီးဆင်းရာငါးဈေးကြီးတွင် သန့်ရှင်းမှုနှင့် ရေစီးရေလာကောင်းမွန်မှု၊ လတ်ဆတ်စွာ ရောင်းချထုပ်ပိုးမှု၊ ရေထွက်ကုန်များနှင့် ယာဉ်များ ဝင်လမ်း၊ ထွက်လမ်း ကောင်းမွန်မှုဖြင့် ကုန်စည်စီးဆင်းမှုမြန်ဆန်မှုမှ ဝင်ငွေရရှိစေလျက်ရှိပြီး နိုင်ငံခြားဝင်ငွေရရှိစေမည့် နိုင်ငံတကာသို့ ထိုးဖောက်နိုင်သော ပြည်ပပို့ကုန်ငါးဈေးကြီးတစ်ခုကို ဖွင့်လှစ်ထုတ်လုပ်နိုင်ခြင်းဖြင့် ပို့ကုန်နှစ်ဆတိုးမြှင့်ထုတ်လုပ်မှုမှ နိုင်ငံတော်အတွက် အခွန်ငွေပိုမိုရရှိကာ မွေးမြူရေးတောင်သူများလည်း စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

❍ *ကျောဖုံးမှ*

ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ MIU အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုနှင့် ဝေးကွာနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ချန်ပီယံဆု တစ်ကျော့ပြန် ရယူနိုင်ခဲ့သည်။ MIU အသင်းအတွက် အနိုင်ဂိုးများကို သုံးမိနစ်တွင် မျိုးသက်အောင်၊ ငါးမိနစ်တွင် နာတာပတ်၊ ၇၊ ၂၄ မိနစ်တွင် ကွန်ဆန်၊ ၃၆ မိနစ်တွင် ကျော်ကျော်ထွန်းတို့က သွင်းယူခဲ့သည်။ Winner Soccer အသင်းအတွက် ချေပဂိုးတစ်ဂိုးကို လေးမိနစ်တွင် ကောင်းမြတ်က သွင်းယူသည်။ တတိယနေရာလုပွဲတွင် VUC အသင်းက ပြည့်စုံအသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရ MIU အသင်းကို ဆုဖလားနှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသော မိုင်စိုးမြတ်ထွေး (MIU) ကို ဆုနှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသော မျိုးသက်အောင်(MIU) ကို ဆုနှင့်ဆုကြေးငွေကျပ်သုံးသိန်း၊ စတုတ္ထဆုရရှိသော ပြည့်စုံအသင်းကို ဆုကြေးငွေကျပ် ၁၅ သိန်း၊ တတိယဆုရရှိသော VUC အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ဒုတိယဆုရရှိသော Winner Soccer အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ပထမဆုရရှိသော MIU အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် ၇၅ သိန်းနှင့် ချန်ပီယံဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၉ ဦး တွေ့ရှိ

(၉-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၈၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်ကာ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်သို့ ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ယခုသတင်းသည် အားကောင်းသောမုန်တိုင်းငယ်အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်သည်။ **မိုး/ဇလ**

# ကောင်းကျိုးအဖြာဖြာ ဝဥပဒေသာ

ဒေါက်တာလပြည့်ခင်

“ဝဥ” ကို သိတဲ့သူရှိသလို မသိတဲ့သူတွေလည်း ရှိနိုင်ပါတယ်။ “ဝဥ” အမည်ကို နောက်တစ်မျိုးအနေနဲ့ “ဖျံဥ” လို့လည်း ခေါ်ကြပါတယ်။ “ဝဥ” ဆိုတာက အာဟာရပြည့်ဝတဲ့ သစ်ဥသစ်ဖုတစ်ခုပါ။ အင်္ဂလိပ်လို Elephant Foot Yam (သို့) White Yam (သို့) Telingo လို့ ခေါ်ပါတယ်။ “ဝဥ” ရဲ့ မျိုးရင်းက Araceae ဖြစ်ပြီး မျိုးစုက Amorphophallus မျိုးစိတ်က A. konjac ဖြစ်တာကြောင့် ဒွိနာမ အနေနဲ့ Amorphophallus Konjac လို့ ခေါ်ပါတယ်။ ရုက္ခဗေဒအမည်အနေနဲ့ Amorphophallus Companuatus ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ “ဝဥ” မျိုးစိတ်ပေါင်း ၁၃၀ ခန့်ရှိတဲ့အနက် ၁၂ မျိုးခန့်သာ ဖော်ထုတ်သုံးစွဲလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။



### Conjak “ဝဥ” မျိုးစိတ်နဲ့ Campanulatus “ဝဥ” မျိုးစိတ်

ပြည်ပနိုင်ငံတွေက အကြိုက်များတဲ့ Conjak “ဝဥ” မျိုးနဲ့ Campanulatus “ဝဥ” မျိုးစိတ်တွေက အခြား “ဝဥ” မျိုးတွေနဲ့ မတူတဲ့အချက်တွေ ရှိပါတယ်။ Conjak မျိုးက ရိုးတံစိမ်းပြီး ဥရဲ့ အရောင်က ပန်းရောင်အနုဖြစ်ပါတယ်။ အစေ့အိမ်တွေ ပိုမိုများပြားစွာပါဝင်ပြီး အရွက်မှာ “ဝဥ” ပုံလို မျိုးပွားဖို့ ဥငယ်ကလေး(ဂလင်း) တွေရှိပါတယ်။ Campanulatus မျိုးရဲ့ရိုးတံကချောမွတ်ပြီး အဖြူကွက်လေးတွေအနည်းငယ်ပါပါတယ်။ “ဝဥ” ရဲ့ အရောင်က အဝါနုရောင်ဖြစ်ပြီး အစေ့အိမ်တွေ ပိုမိုများပြားစွာပါဝင်ပေမယ့်အရွက်မှာ Conjak လိုမျိုးပွားဖို့ ဥငယ်ကလေးတွေ မပါပါဘူး။ သို့သော်လည်း ကြီးရင့်လာတဲ့ “ဝဥ” တွေမှာ ဥကနေသားတက်တွေ ထွက်ပေါ်လေ့ရှိပါတယ်။ Conjak မျိုးက အေးမြတဲ့ရာသီဥတုရှိတဲ့ တောင်ပေါ်ဒေသတွေမှာ ပေါက်ရောက်ရှင်သန်ပြီး Campanulatus မျိုးကတော့ ရာသီဥတုမျှတမှုရှိတဲ့ တောင်ပေါ်ဒေသတွေမှာပဲ ပေါက်ရောက်ပါတယ်။ “ဝဥ”က သဘာဝအလျောက် ပေါက်ရောက်ပြီး အစေ့ကမျိုးပွားနိုင်သလို ဥကဖြာထွက်တဲ့ အမြစ်တွေကနေ ဖြစ်ပေါ်လာတဲ့ ဥကလေးတွေကနေလည်း မျိုးပြန့်ပွားကြပါတယ်။

### “ဝဥ”ထွက်တဲ့အရပ်နဲ့ “ဝဥ”အမျိုးအစားများ

“ဝဥ”ရဲ့ မူရင်းဒေသက အရှေ့တောင်အာရှဖြစ်ပြီး အပူပိုင်းအာရှနှင့် အာဖရိကဒေသတွေမှာ “ဝဥ”အပင်တွေ သဘာဝအလျောက်ပေါက်ရောက်ဖြစ်ထွန်းမှုရှိပြီး အအေးပိုင်းဒေသတွေနဲ့ တောင်ပေါ်ဒေသတွေမှာဆိုရင် စိုက်ပျိုးဖြစ်ထွန်းမှုတဲ့ အပင်တစ်မျိုးဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့ရဲ့ တချို့ဒေသတွေမှာ သဘာဝပေါက်ပင်အဖြစ် ပေါက်ရောက်ပါတယ်။ စိုက်ပျိုးရလွယ်ကူပြီး ဝင်ငွေတိုးစေတဲ့ ပိန်းမျိုးရင်းတစ်မျိုးဖြစ်တဲ့ “ဝဥ” ပင်တွေကို စီးပွားဖြစ် စိုက်ပျိုးလေ့ရှိကြပါတယ်။ “ဝဥ” ရဲ့ အတွင်းသားက အဖြူရောင်၊ ပန်းရောင်၊ အဝါရောင်နဲ့ အနီရောင်ဆိုပြီးတော့ အရောင်လေးရောင်တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်ကထွက်တဲ့ “ဝဥ”က အဝါရောင်မျိုးဖြစ်ပြီး ချင်းပြည်နယ်က “ဝဥ”က ပန်းရောင်မျိုး၊ ပဲခူးရိုးမက “ဝဥ” အနီမျိုးနဲ့ “ဝဥ” အဖြူမျိုးတို့ထွက်ကြပါတယ်။ “ဝဥ” အဖြူမျိုးနဲ့ အဝါမျိုးက ချက်ချင်းချက်ပြုတ်စားနိုင်ပြီး “ဝဥ” အနီမျိုးက ယားယံတတ်တယ်လို့ သိရှိရပါတယ်။ မြန်မာနိုင်ငံဈေးကွက်မှာ “ဝဥ” အနီရောင်က ပထမတန်းစား၊ အဝါရောင်က ဒုတိယတန်းစားနဲ့ အဖြူရောင်က တတိယတန်းစားအနေနဲ့ အရောင်းအဝယ်ပြုကြတယ်လို့ သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်တို့မှာ “ဝဥ” ကို စီးပွားဖြစ်စိုက်ပျိုးကြပြီး ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းမှာရှိတဲ့ ရွှေတောင်မြို့မှာလည်း “ဝဥ”တွေ အများအပြားစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိတာတွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ကောလင်း၊ ဝန်းသို၊ ကလေး၊ ဖောင်းပြင်မြို့တို့ရဲ့ တောတောင်တွေမှာ အဖြူရောင်မျိုးစိတ်တွေကို သဘာဝပေါက်ပင်အဖြစ် တွေ့ရှိရပါတယ်။ စိုက်ပျိုးသူအများစုက ချင်းပြည်နယ်ကထွက်တဲ့ ပန်းရောင် “ဝဥ” မျိုးကို ပိုကြိုက်ကြပါတယ်။ ချင်းပြည်နယ်မှာစိုက်တဲ့ “ဝဥ” ရဲ့ အားသာချက်က ဥကြီးထွားနှုန်းကောင်းပြီး အရွက်ပေါ်မှာ အသီးသီးပါတယ်။ ၂၀၂၂- ၂၀၂၃ ခုနှစ်အတွင်း ချင်းပြည်နယ် မတူပီမြို့မှာ “ဝဥ” ဧက ၂၆၀၀ နဲ့ မင်းတပ်မြို့မှာ “ဝဥ” ဧက ၄၃၁၀ စိုက်ပျိုးထားတယ်လို့ သိရပါတယ်။ တနင်္သာရီတိုင်းဒေသကြီးထဲက တောတောင်တွေထဲမှာလည်း ဒေသအခေါ် ပိန်းဥလို့ခေါ်တဲ့ “ဝဥ” တွေ သဘာဝအလျောက်ပေါက်ရောက်နေကြပါတယ်။

### “ဝဥ” စိုက်ပျိုးနည်း

“ဝဥ” ပင်တွေကို မိုးဦးကျကာလ ဇွန်လမှာ မိုးစက်မိုးပေါက်လေးတွေ ကျလာတာနဲ့ တစ်ပြိုင်နက် စတင်စိုက်ပျိုးလေ့ရှိပြီး ဇူလိုင်လမှာ အရွက်ဖားဖားနဲ့ အပင်တွေကြီးထွား ဖြစ်ထွန်းလာပါတယ်။ စက်တင်ဘာလလောက်မှာ ပင်စည်အရင်းဘက်မြေကြီးအတွင်းမှာ “ဝဥ” တွေ ကြီးထွားလာပြီး အောက်တိုဘာလပိုင်းရောက်ရင် အရွက်တွေပေါ်မှာ မျိုးဥသီးတဲ့ အဖြူရောင် “ဝဥ” နဲ့ ဖူးတံထွက်ပြီး အသီးပန်းခိုင်သီးတဲ့ အဝါရောင် “ဝဥ” တွေ ထွက်လာပါတယ်။ အရွက်တွေပေါ်ကထွက်တဲ့ မျိုးဥတွေကို စနစ်တကျခူးဆွတ်ပြီး စိုက်ပျိုးဖို့ မျိုးဥတွေအဖြစ် ပြန်လည်ရောင်းချကြပါတယ်။ အဝါရောင် “ဝဥ” က ထွက်လာတဲ့ဖူးတံတွေက နိုဝင်ဘာလကုန်ပိုင်းလောက်မှာ အသီးရင့်လာပြီး နီရဲနေတဲ့အသီးတွေ မြေပြင်ပေါ်ကြွေကျပြီးတော့ မိုးဦးကျကာလမှာ အပင်တွေပေါက်ရောက်တတ်တာကြောင့် မျိုးဆက်ပျံ့နှံ့လွယ်ပါတယ်။ ပင်စည်နဲ့အရွက်တွေ အဝါရောင်သန်းပြီး အရွက်တွေညှိုးကျတဲ့ နိုဝင်ဘာလကုန်ပိုင်းနဲ့ ဒီဇင်ဘာလကိုရောက်ရင် “ဝဥ” တွေကို စတင်တူးဖော်နိုင်ကြပြီဖြစ်ပါတယ်။

“ဝဥ” စိုက်ပျိုးတဲ့အခါ မျိုးရွေးချယ်မှု မှန်ကန်ဖို့လိုပါတယ်။ “ဝဥ” က မြေပွကိုကြိုက်ပါတယ်။ “ဝဥ” ပင်ရအောင် ဥကနေလည်း စိုက်လို့ရပြီး အရွက်ကနေလည်းစိုက်လို့ရသလို ဖူးတံကလည်း စိုက်လို့ရပါတယ်။ ဥကိုစိုက်ရင် သုံးဆကနေ ၁၂ ဆအထိကြီးထွားနိုင်ပါတယ်။ ဖိအားနည်းတဲ့ ဆင်ခြေလျှောတောင်စောင်းမြေတွေမှာ သုံးပေကနေ လေးပေတန်းကြား စိုက်ပျိုးကြပါတယ်။ အပင်အရေအတွက်အနေနဲ့ တစ်ဧကကို တန်းကြားလေးပေ၊ ပင်ကြားနှစ်ပေစိုက်ပျိုးပြီး “ဝဥ” အပင် ၅၅၀၀ ကျော် ဝင်ဆံ့အောင် စိုက်ပျိုးသင့်ပါတယ်။ “ဝဥ” ကို စိုက်ပျိုးပြီးနှစ်ဝက်အတွင်းမှာ သတ်မှတ်အရွယ်အစားရောက်ရင်တူးဖော်ကြရပါတယ်။ “ဝဥ” ကို တူးဖော်နိုင်တဲ့ သတ်မှတ်အရွယ်အစားက အမြင့် ခြောက်လက်မကနေ ရှစ်လက်မအတွင်း၊ အချင်း ၁၀ လက်မနဲ့ လုံးပတ်အရွယ်အစားက နှစ်ပေ ခြောက်လက်မကနေ သုံးပေအထိ ရှိနိုင်ပါတယ်။

“ဝဥ”ပင်တွေကို စိုက်ပျိုးတဲ့အခါ ရေမဝပ်စေဖို့ သတိပြုရပါတယ်။ စိုက်ခင်းမှာ အရိပ်မရှိရင် ၆၀ ရာခိုင်နှုန်း အရိပ်ရအောင် ပြုလုပ်ပေးသင့်ပြီး အရိပ်ကြိုက်တဲ့အပင်မျိုးဖြစ်ပေမယ့် အရိပ်ထူရင် အလင်းရရှိတဲ့ဘက်ကို အပင်တွေ ယိုင်သွားတတ်ပါတယ်။ “ဝဥ” တစ်ဧကစိုက်ပျိုးရင် ငွေကျပ်သုံးသိန်းကနေ ငါးသိန်းအထိ ကုန်ကျပြီး အထွက်အနေနဲ့ တစ်နှစ်ပျမ်းမျှ “ဝဥ” အစို ပိဿာ ၃၀၀၀ ကနေ ၅၀၀၀ အထိ ထွက်ရှိပါတယ်။ တူးဖော်ရရှိတဲ့ “ဝဥ” တွေက အရွယ်အစားအမျိုးမျိုးရှိပြီး အကြီးဆုံးအရွယ်အစားအနေနဲ့ တစ်ပိဿာခန့်ရှိတဲ့ “ဝဥ” တွေလည်းရရှိတတ်ပါတယ်။ တူးဖော်ပြီးတဲ့ “ဝဥ” တွေကို အရိပ်ရပြီး လေသလပ်တဲ့နေရာမှာ ထားသိုရပါတယ်။ တချို့ဒေသခံတွေက “ဝဥ” တွေကို တောတောင်တွေက တူးဖော်ယူလာပြီး ဒိုင်တွေကို သွားရောင်းလေ့ရှိပါတယ်။ “ဝဥ”ပင်တွေက အရင်က တောတောင်တွေထဲမှာ သဘာဝပေါက်ပင်တွေအနေနဲ့သာရှိခဲ့ရာကနေ ယခုအခါ စိုက်ပျိုးရလွယ်ကူပြီးဝင်ငွေရရှိနေတာကြောင့် မိမိတို့ရဲ့ အိမ်ခြံဝင်းတွေထဲမှာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုတွေ ပိုမိုများပြားလာကြပြီဖြစ်ပါတယ်။ ဒါ့ပြင် အဲဒီ “ဝဥ” အစိုတွေကို အခြောက်ပြုလုပ်ပြီး ပြည်ပကို တွင်တွင်ကျယ်ကျယ်တင်ပို့ပြီး နိုင်ငံခြားဝင်ငွေတိုးစေတဲ့ အပင်ဖြစ်တာကြောင့်လည်း “ဝဥ”တွေကို စနစ်တကျနဲ့ အများအပြား စိုက်ပျိုးထုတ်လုပ်လာကြတာဖြစ်ပါတယ်။ ချင်းပြည်နယ်ကထွက်တဲ့ “ဝဥ” ထုတ်ကုန်တွေကို မန္တလေးပွဲရုံဈေးကွက်ကို အများဆုံးတင်ပို့လျက်ရှိပါတယ်။

### “ဝဥ” ကိုဘယ်လိုသုံးသလဲ

ချင်းပြည်နယ်ကထွက်တဲ့ “ဝဥ” အမျိုးအစားက အကောင်းဆုံးဖြစ်တယ်လို့ အများက ထောက်ခံထားကြပါတယ်။ အကောင်းဆုံး ချင်းပြည်နယ်ထွက် “ဝဥ” တွေကို စားသောက်ကုန်ထုတ်လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ မျက်နှာပေါင်းတင်ဆေးများ၊ ကော်အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းစတဲ့လုပ်ငန်းတွေမှာ စက်မှုကုန်ကြမ်းသီးနှံအဖြစ် အသုံးပြုကြတဲ့အပြင် တိရစ္ဆာန်အစာအဖြစ်လည်း စိုက်ပျိုးထုတ်လုပ်ပြီး အသုံးပြုကြပါတယ်။

### “ဝဥ” ပြည်ပတင်ပို့မှုအခြေအနေ

“ဝဥ”ခြောက်တွေ ပြည်ပကို တင်ပို့ရောင်းချနိုင်ဖို့ ချင်းပြည်နယ်ရဲ့အကြီးဆုံး “ဝဥ” အခြောက်ခံစက်ရုံကြီးကို ၂၀၁၉ ခုနှစ်က ချင်းပြည်နယ် မင်းတပ်မြို့က ထင်းချောင်းအနီးမှာ ဖွင့်လှစ်ခဲ့ပါတယ်။ မင်းတပ်မြို့၊

စာမျက်နှာ ၁၇ သို့

**“ဝဥ” စားသုံးခြင်းကို ကျန်းမာရေးရှုထောင့်ကကြည့်မယ်ဆိုရင် ပရိုတင်းပါဝင်နေတဲ့ “ဝဥ” က ကိုယ်ခံအားကိုကောင်းစေပြီး စိတ်ရောကိုယ်ပါကျန်းမာစေဖို့ ထောက်ကူပေးပါတယ်။ “ဝဥ” မှာ အမျှင်ဓာတ်ပါဝင်မှုများတာကြောင့် အစာချေဖျက်မှုအားကောင်းပြီး ခံတွင်းကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ အာရုံစူးစိုက်မှုကိုကောင်းစေသလို ဦးနှောက်ကျန်းမာစေဖို့ ထောက်ကူပေးနိုင်ပါတယ်။ “ဝဥ”မှာ ပါဝင်နေတဲ့ ဗီတာမင်စီကြောင့် အသားအရေကို ကြည်လင်စေသလို အရေးအကြောင်းတွေကို သက်သာစေပြီး အရွယ်တင်နုပျိုစေ**

# လှိုင်ကော်မြို့၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**လှိုင်ကော် စက်တင်ဘာ ၉**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ယခုသင်တန်းသို့ တက်ရောက်သူများအနေဖြင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာများကို သင်ယူကာ ကိုယ်ပိုင် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများကို ထူထောင်ပြီး ဝင်ငွေတစ်ဖက်တစ်လမ်းရရှိစေရန် ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ပြည်နယ်အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ (MSMEs)လုပ်ငန်းများ တိုးတက်လာစေရန်အတွက် နည်းပညာများအပြင် အရင်းအနှီး ရရှိရေးကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှလည်း စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သမဝါယမကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍတို့တွင် ချေးငွေများဆောင်ရွက်ပေးလျက်ရှိပြီး ယခုသင်တန်းသည် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် စနစ်တကျ ကြိုးစားလေ့လာသင်ယူကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးနောက် ပြည်နယ် ဝန်ကြီးချုပ်က သင်တန်းသားများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။ **(အပေါ်ပုံ)**



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် လူသုံးကုန်ထုတ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တံတားဦးမြို့နယ် သဲမောင်းကန်ကျေးရွာရှိ ရွှေတောင်တော် ဘုရားဝင်းအတွင်း စက်တင်ဘာ ၉ ရက်က စကားအင်း အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ဝင်းဌေး ဦးစီးသည့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုရဲ



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က အမှတ်(၄)ရပ်ကွက် ဘုရားလမ်းရှိ အထက(မြို့မ)ကျောင်း၌ ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်ကျော်ဦးစီးသည့်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ညောင်ဦးမြို့နယ် ကျောက်ကူးမြစ်ရေတင်ဖြင့် မိုးစပါး ဧက ၁၆၀ စိုက်ပျိုး

**ညောင်ဦး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျောက်ကူးလျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါး ဧက ၁၆၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ညောင်ဦးမြို့နယ် လျှပ်စစ်မြစ်ရေတင်ဖြင့် ဆင်းသုခ၊ မနောသုခ၊ YSR စပါးမျိုးများကို တောင်သူများ စိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့်လယ်မြေအတွင်း ရွှေ့ပြောင်းစိုက်ရကြောင်း၊ စပါးတစ်သီးရင့်မှည့်ချိန် ငါးလကြာမြင့်ကြောင်း မိုးစပါးစိုက်တောင်သူများက ပြောသည်။

မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် မိုးစပါးစိုက်တောင်သူများ စပါးသီးနှံ ရိတ်သိမ်းပြီးချိန်အထိ တစ်ဧကလျှင် စိုက်ပျိုးရေသွင်းစရိတ်ကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ငွေကျပ် ၉၀၀၀၊ အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀ ပေးသွင်းရကြောင်း သိရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးများအတွက်နှုန်း ပုံမှန်ကောင်းမွန်ကြောင်း၊ မိုးစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် ၂၀ လက်မအောက်သာ ရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင် ရေသွင်းရကြောင်း၊ ရေသွင်းဈေးမှာလည်း သင့်တင့်ကြောင်း မိုးစပါးစိုက် တောင်သူများက ရှင်းပြသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးတစ်ဧကစိုက်ပျိုးခ ငွေကျပ် ၅၅၀၀၀ ဖြင့် ကေပြတ်စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများ လုပ်ဆောင်ကြကြောင်း သိရသည်။

**ဒီပါလင်း**



*စာမျက်နှာ ၁၆ မှ*

မတူပီမြို့နဲ့ ကန်ပက်လက်မြို့တို့မှာ "ဝဥ" စိုက်ပျိုးတောင်သူ ၈၀၀ ကျော်ရှိပြီး အသင်းအဖွဲ့တွေလည်း ဖွဲ့စည်းထားရှိပါတယ်။

ချင်းပြည်နယ် မင်းတပ်မြို့နဲ့ ကန်ပက်လက်မြို့မှာစိုက်တဲ့ "ဝဥ" တွေက အရည်အသွေးပိုကောင်းတာကြောင့် ၂၀၁၈ ခုနှစ်ကစပြီး ဂျပန်နိုင်ငံက ဝယ်ယူတယ်လို့ သိရပါတယ်။ "ဝဥ"ခြောက်တွေကို ဂျပန်နိုင်ငံ၊ လာအိုနိုင်ငံနဲ့ တရုတ်နိုင်ငံတွေကို တင်ပို့ရောင်းချပေးရပြီး "ဝဥ"ခြောက်တွေကို အစားအသောက်အနေနဲ့ ပြုလုပ်စားသောက်ပေးမယ်ဆိုရင် အသက်ရှည်တယ်လို့ ဆိုကြပါတယ်။ "ဝဥ" ခြောက်တွေရဖို့ "ဝဥ"အစိုတွေကို အပြားညီအောင် ပါးပါးလှီးပြီး နှစ်ရက်ခန့် နေအခြောက်လှန်းရပါတယ်။ လှီးဖြတ်တဲ့အခါမှာ လက်တွေယားယံတတ်လို့ လက်အိတ်စွပ်ပြီး လှီးဖြတ်ရပါတယ်။ "ဝဥ" အစိုခုနစ်ပိဿာခန့် အခြောက်လှန်းရင် "ဝဥ" အခြောက်တစ်ပိဿာခန့်သာ ထွက်ရှိပါတယ်။ ဂျပန်ကိုတင်ပို့တဲ့ "ဝဥ"ခြောက်တွေကို နေလှန်းခြင်းနည်းနဲ့ အခြောက်ပြုလုပ်တင်ပို့ပေးသော်လည်း တရုတ်နိုင်ငံကိုတင်ပို့တဲ့ "ဝဥ"ခြောက်တွေကတော့ ဖိုတွေမှာ မီးငွေ့ငွေ့နဲ့ အခြောက်ပြုလုပ်ပြီး တင်ပို့ပေးတယ်လို့ သိရပါတယ်။ နေလှန်းနည်းက အရောင်အဆင်းမလှဘဲ ဖိုတွေမှာမီးတင်ပြီး အခြောက်ပြုလုပ်တဲ့နည်းက အရောင်အသွေးပိုမိုလှပပါတယ်။

"ဝဥ" ရဲ့ ကျန်းမာရေးအကျိုးသက်ရောက်မှုတွေမှာ ကစီဓာတ်၊ ရေဓာတ်၊ အဆီဓာတ်၊ ပရိုတင်း၊ အမျှင်ဓာတ်၊ ပိုတက်ဆီယမ်၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ဇင့်၊ ကော့ပါး၊ ဆီလီနီယမ်စတဲ့ အာဟာရဓာတ်မျိုးစုံနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတို့ ပါဝင်ပါတယ်။ "ဝဥ" စားသုံးခြင်းကို ကျန်းမာရေးရှုထောင့်ကကြည့်မယ်ဆိုရင် ပရိုတင်းပါဝင်နေတဲ့ "ဝဥ" က ကိုယ်ခံအားကို ကောင်းစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာစေဖို့ ထောက်ကူပေးပါတယ်။ "ဝဥ" မှာ အမျှင်ဓာတ်ပါဝင်မှုများတာကြောင့် အစာချေဖျက်မှုအားကောင်းပြီး ခံတွင်းကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ အာရုံစူးစိုက်မှုကို ကောင်းစေသလို ဦးနှောက်ကျန်းမာစေဖို့ ထောက်ကူပေးနိုင်ပါတယ်။ "ဝဥ"မှာ ပါဝင်နေတဲ့ ဗီတာမင်စီကြောင့် အသားအရေကို ကြည်လင်စေသလို အရေးအကြောင်းတွေကို သက်သာစေပြီး အရွယ်တင်နုပျိုစေပါတယ်။

"ဝဥ"မှာ ပေါကြွယ်ဝစွာပါဝင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက ကိုယ်တွင်းက အဆိပ်အတောက်တွေကို ထိထိရောက်ရောက် ဖယ်ရှားပေးနိုင်တဲ့အပြင် ကိုယ်တွင်းရောင်ရမ်းမှုကို သက်သာစေပြီး သွေးကြောတွေကိုလည်း ကျန်းမာစေနိုင်ပါသေးတယ်။ မျက်စိကျန်းမာရေးကို အထောက်အကူပြုကာ သွေးတွင်းသကြားဓာတ်နဲ့ အင်ဆူလင်ကို လျှော့ချပေးလို့ ဆီးချိုရောဂါသည်တွေ ထမင်းအစားထိုးစားသုံးနိုင်ပြီး သွေးလည်ပတ်မှုကောင်းမွန်စေပါတယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး ကိုလက်စထရောပမာဏနဲ့ အစာချေကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေရှိပါတယ်။ ကိုယ်တွင်းက ကိုလက်စထရောပမာဏကိုနည်းစေလို့ နှလုံးရောဂါနဲ့ လေဖြတ်တာကို ကာကွယ်နိုင်ပါတယ်။ အရေပြားချောမွတ်စေကာ လက်သည်းတွေအတွက်လည်း ကောင်းမွန်ပြီး ကိုယ်အလေးချိန်လျှော့ကျစေတဲ့အပြင် အမျိုးသမီးတွေ ဓမ္မတာလာစဉ် ခံစားရတတ်တဲ့ဝေဒနာတွေကိုလျှော့ကျစေတဲ့အတွက် စားသုံးဖို့သင့်တော်ပြီး ကျန်းမာရေးကောင်းကျိုးများစွာကို ရရှိစေတဲ့ ဆေးဖက်ဝင် အပင်တစ်မျိုး ဖြစ်ပါတယ်။ ဒါ့အပြင် "ဝဥ"ကို အမျိုးသမီးတွေဗိုက်ရွဲတာနဲ့ ဆီးအိမ်ကြီးတာကို ကာကွယ်ဖို့နဲ့ လူ့ခန္ဓာကိုယ်မှာ လိုအပ်တာထက်ပိုပြီးတော့ အဆီတွေ အစိုင်အခဲဖြစ်တာကို ဟန့်တားဖို့အတွက်လည်း အသုံးပြုကြပါတယ်။

အမျှင်ဓာတ်ကြွယ်ဝတဲ့ "ဝဥ"က အစာအိမ်ကို ကျန်းမာစေသလို အူတွေရဲ့လှုပ်ရှားမှုကို ကောင်းမွန်စေပြီး အာဟာရစုပ်ယူနိုင်စွမ်းကောင်းစေဖို့နဲ့ ဝမ်းမှန်စေဖို့ပါ ထောက်ကူပေးနိုင်ပါတယ်။

## "ဝဥကြာဆံ"ရဲ့ကောင်းကျိုးအဖြာဖြာ

"ဝဥကြာဆံ"က အစာချေမှုလုပ်ငန်းစဉ် နှေးကွေးတာကြောင့် အစာပိုစားခြင်းကိုရှောင်ရှားဖို့ ကူညီပေးတဲ့အနေနဲ့ အချိန်ကြာကြာ ဗိုက်ပြည့်စေပါတယ်။ အူလမ်းကြောင်းမှာရှိတဲ့ ကျန်းမာတဲ့ ဗက်တီးရီးယားပိုးတွေဟာ အူလမ်းကြောင်းကျန်းမာရေးကို တိုးတက်ကောင်းမွန်လာစေဖို့ ကူညီပေးနိုင်တဲ့ အမျှင်ဓာတ်ကို ကျွေးမွေးတာကြောင့် အူလမ်းကြောင်းကျန်းမာရေးကိုတိုးတက်စေပါတယ်။ "ဝဥကြာဆံ"မှာ သကြားဓာတ်၊ အဆီဓာတ်နဲ့ အာဟာရဓာတ်တွေ မပါရှိတာကြောင့် ကိုယ်တွင်းအချိုဓာတ်တွေကို လျှော့ကျစေပါတယ်။ ဝမ်းချုပ်သူတွေ၊ သွေးတိုးဆီးချိုရှိသူတွေ၊ ကိုယ်အလေးချိန်ထိန်းလိုသူတွေအတွက် အထူးသင့်လျော်တဲ့ ကျန်းမာရေးဓာတ်စာအဖြစ် ဝယ်ယူစားသုံးကြပါတယ်။ ဆီးချိုရောဂါကုသဆေးတွေ၊ ဝမ်းရောဂါဆေးတွေနဲ့ သွေးတိုးရောဂါကုဆေးဝါးတွေ ထုတ်လုပ်တဲ့အခါမှာလည်း ပါဝင်ပစ္စည်းတွေအဖြစ် အသုံးဝင်တဲ့အပင်မျိုး ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ "ဝဥ" က ဈေးကွက်ဝယ်လိုအားများနေတယ်လို့ သိရပါတယ်။ ချင်းပြည်နယ်မှာ "ဝဥ" သီးနှံကို ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ အတိုင်းအတာတစ်ခုအထိပဲ လုပ်နိုင်ပါသေးတယ်။ စိုက်ဧကတွေတိုးလာဖို့နဲ့ အရည်အသွေးပြည့်မီတဲ့ "ဝဥ"တွေ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ဆိုရင် တောင်သူတော်တော်များများအတွက်တော့ "ဝဥ"ပင် စိုက်ပျိုးရင် ကုန်ကျမယ့် စိုက်ပျိုးစရိတ်နဲ့ လုပ်အားခအပါအဝင် မတည်ရင်းနှီးငွေနဲ့ နိုင်ငံတော်ရဲ့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးမှုတွေ လုပ်ဆောင်ပေးနိုင်မယ်ဆိုရင် ဝဥထုတ်ကုန်နဲ့ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် များစွာအကျိုးရှိထိရောက်လာစေမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

❂ ❂ ❂



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်)မှ ရဲမှူးဝင်းဇော်ဟန်ဦးစီးတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က လှော်ကားရှိ သာခုကန်စေတီတော်မြတ်ရင်ပြင်၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ကြစဉ်။ ကိုရဲ



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မျိုးလှိုင် ဦးစီးရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က ကျောက်တန်းမြို့ စံချိန်မီရပ်ကွက် မင်းကျောင်းလမ်းမရှိ ရေးဟောင်းသမိုင်းဝင် ကျိုက်ပြဿဒ်တန့်ဆုတောင်းပြည့် မင်းကျောင်းစေတီတော်ရင်ပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ (၂၀၉)



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျိုက်မရောမြို့နယ် အမှတ်(၁၅) လုံခြုံရေးတပ်ဖွဲ့ခွဲမှ ခေတ္တဌာနချုပ် တပ်ခွဲမှူး /တပ်ရေးအရာရှိ ဒုတိယရဲမှူး စိုးနိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က အ.ထ.က (ပိန္နဲကုန်း) ကျောင်းဝင်း၌ ပြည်သူ့အကျိုးပြုလုပ်ငန်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

## လွိုင်ကော်မြို့ရှိ ဆရာ / ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**နေပြည်တော် စက်တင်ဘာ ၉**

ကယားပြည်နယ် လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) (နမ့်ကွတ်)ရှိ ဆရာ ဆရာမများအား ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ အမေ့မေတ္တာအဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ (အပေါ်ယာပုံ) ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဆရာမတစ်ဦးကလက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အာဟာရဖြည့် ကြက်သားဆန်ပြုတ်များကို တိုက်ကျွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့၌ ဖမ်းဆီးခံရသော လူငယ်များကို ခိုလမ်နှင့် နမ့်စန်မြို့များသို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၉**

စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့၌ စစ်မှုထမ်းဆောင်ရန်အတွက် ဖမ်းဆီးခံရသော လူငယ်များကို ခိုလမ်နှင့်နမ့်စန်မြို့များသို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားအား တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ အဆိုပါမြို့များမှလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ စစ်မှုထမ်းဆောင်ရန်အတွက် ပေါ်တာဆွဲဖမ်းဆီးမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်နေသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းနှင့် လှည့်ကင်း၊ ပတ်ကင်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက မြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဓာတ်ပုံအဟောင်းများကို အသုံးပြု၍ အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## တာချီလိတ်မြို့နှင့် ဝေါမြို့နယ်တို့၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်၌ စိုင်းမောင်မြင့်မောင်းနှင်ပြီး အိုက်ပီး(ခ) ဆူထပ်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်း သုည ဒသမ ၉ ကီလိုကိုလည်းကောင်း၊ ထို့နေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဝေါမြို့နယ် ညောင်ခါးရှည် ကျေးရွာအုပ်စု ညောင်ခါးရှည် ကျေးရွာအနီးတွင် TOYOTA PROBOX အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၆၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ စိတ်ကြွ ရူးသွပ်ဆေးပြားများ ရောင်းချပေးသူ ရဲဝင်းဆွေ(ခ) ကျော်ခိုင် အား စက်တင်ဘာ ၈ ရက် နံနက် ၁၁ နာရီတွင် လသာမြို့နယ် ကမ်းနားလမ်းနှင့် (၂၀) လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၉

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Yeko” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဇော်သဲ(ခ)ရဲကိုအား မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ “@aunglay 12314” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သာယာမွန်ကျေးရွာနေ အောင်ဝေလင်းအား ည ၈ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Thein Oo Kyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (က)ရပ်ကွက်နေ သိန်းဦးကြည်အား ည ၉ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် “ရွှေမင်းဝံ”ဖလား အလွတ်တန်း (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၉**

၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် “ရွှေမင်းဝံ”ဖလား အလွတ်တန်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းလူငယ်အသင်းနှင့် ပျဉ်းမနားလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ယမုံအိမ့်ရှိုင်းအသင်းနှင့် ရွှေခြင်းလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီး တတိယဆုရရှိသော အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အသင်း၊ အမျိုးသား တတိယဆုရရှိသော လက်ပန်လှအသင်း၊ အမျိုးသမီး ဒုတိယဆုရရှိသော ပျဉ်းမနားအသင်း၊ အမျိုးသား ဒုတိယဆုရရှိသော ရွှေခြင်းလုံးအသင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမျိုးသမီး ပထမဆုရရှိသော စစ်ကိုင်းလူငယ်အသင်းကို ဆုချီးမြှင့်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသား ပထမဆုရရှိသော ယမုံအိမ့်ရှိုင်းအသင်းကို




တစ်ဦးချင်းဆုတံဆိပ်၊ ဆုငွေကျပ်သိန်း ၅၀ နှင့် ဆုဖလားတို့ကို အသင်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများထံ ပေးအပ်ပြီး(အပေါ်ပုံ)ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့နယ်၌ စက်ချုပ်နှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**မော်လမြိုင် စက်တင်ဘာ ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို စက်တင်ဘာ ၉ ရက်က မော်လမြိုင်မြို့ ပြည်နယ်



အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၌ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ စက်ချုပ်နည်းပညာသင်တန်းနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြကာ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ သင်တန်းသူများကိုယ်တိုင် ထုတ်လုပ်ထားသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။ (ဝဲပုံ) **စည်သူ(ပြန်/ဆက်)**

# မူဆယ်မြို့၌ ကျောင်းပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မူဆယ် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျောင်းပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၄ နာရီက ပြုလုပ်သည်။

ဘောလုံးပြိုင်ပွဲတွင် အသက်(၁၉)နှစ်အောက် အမျိုးသားအသင်း ကိုးသင်း၊ အမျိုးသမီးအသင်းခြောက်သင်း ယှဉ်ပြိုင်ကစားကြပြီး ယနေ့ဗိုလ်လုပွဲတွင် ပန်းစုံရွှေပြည်အမျိုးသား အသင်းက အောင်ကိုယ်ပိုင်ကျောင်း အမျိုးသားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသမီးအသင်းပထမဆုကို အထက(၃) အသင်းက လည်းကောင်း၊ ဒုတိယဆုကို အထက(၂)က လည်းကောင်း၊ တတိယဆုကို ကျော်ကိုယ်ပိုင်ကျောင်းက လည်းကောင်း ရရှိပြီး တာဝန်ရှိသူများက ဆုချီးမြှင့်သည်။

ဆက်လက်ပြီး အမျိုးသားအသင်း တတိယဆုရရှိသည့် အထက(၂) အသင်း၊ ဒုတိယဆုရ ကျော်ကိုယ်ပိုင်ကျောင်းအသင်းတို့ကို တာဝန်ရှိသူများက ဆုချီးမြှင့်သည်။ ထို့နောက်မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက ပထမဆုရရှိသည့် ပန်းစုံရွှေပြည် ကိုယ်ပိုင်ကျောင်းအသင်းကို ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ဆုဖလားချီးမြှင့်သည်။ ပြိုင်ပွဲသို့ ဒေသပြည်သူ ၂၅၀၀ ကျော် အားပေးကြည့်ရှုကြကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရဲကြောင်းရဲတပ်ဖွဲ့စု (ပုသိမ်)မှ တပ်ဖွဲ့စုမှူးရဲမှူး အောင်သက်နိုင် ဦးစီးတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၇ ရက်က ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။ ကိုရဲ

**ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ဖြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ ၉ - ၉ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၁၀ ကျပ် | ၂၇၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၃၉၅ ကျပ် | ၃၄၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၃၂၁၅ ကျပ် | ၃၂၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၃၅၅ ကျပ် | ၃၄၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၄၃၄ | ၆၆၀၅၇၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၃၄၃ | ၁၁၈၃၃၀၀ |
| MCB | ၉၂၀၀ | ၈၇၀၀ | ၃ | ၂၇၁၀၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၁၃၄၅ | ၂၄၀၄၀၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၇၂ | ၁၀၄၁၆၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၅၉ | ၂၇၇၈၅၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၃၃၈ | ၁၁၄၉၂၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၂၉ | ၁၀၅၈၅၀၀ |

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၀)၊ ဦးပိုင်အမှတ် (၃၉-ဖ/ခဲစင်း)၊ ၂၄ x ၂၅ လမ်းကြား၊ ၈၄x၈၆လမ်းကြားရှိ ဒေါ်အမာအမည်ပေါက် ဂရန်မြေကွက်အားဖခင် ဦးဘို၊ မိခင်ဒေါ်အမာ သားဖြစ်သူဦးဝင်းမြင့် တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၃၈၂၁/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့ကြသော သမီးများနှင့် ချွေးမဖြစ်ကြသည့် ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်အေးအေးဝင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်ငွေငွေတို့က အမွေဆက်ခံခဲ့ပြီး ၎င်းတို့(၆)ဦးအနက် ဒေါ်ကြည်ကြည်ဝင်းပါ(၅)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၄၀၅၅/၂၀၁၉)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်သန်းသန်းဝင်း၉/မနမ(နိုင်)၀၉၁၉၉၃ က အမှုတွဲအမှတ် ၃၃၂၂/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနာမဟီရပ်ကွက်၊ အကွက်အမှတ်(၆၂၅)၊ ဦးပိုင်အမှတ်(၂၇/၃)၊ ၃၀x၃၁လမ်းကြား၊ ၇၆x၇၇လမ်းကြားရှိ ဘိုးဘ မြေကွက် အမည်ပေါက်သူ ဦးလှသိန်း၊ ဒေါ်ခင်ဆွေတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၅၆/၂၀၀၆)ဖြင့် ဝယ်ယူခဲ့သူ ဦးထန်ချိန်ဝင်း၏ (SP ရရှိသူ ဒေါ်ချိုချိုသဲ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၆၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူဒေါ်ခင်မျိုးမြင့် ၅/ဖပန(နိုင်)၀၅၂၃၈၀ က အမှုတွဲအမှတ် ၀၄၁၃/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၈၆)၊ ၁၀၃(A)လမ်း၊ ၆၄(B)လမ်းထောင့်ရှိ ဒေါ်ရန်ချန်ပိုအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးလီရှီယုန်၊ မိခင်ဒေါ်ရန်ချန်ပိုတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၃၈၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသားဖြစ်သူ ဦးလီဖိုမ (ခ) နေထွန်း ၁၃/လရန(နိုင်)၀၇၈၅၇၇ က အမှုတွဲအမှတ် ၃၃၂၉/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## PPEC SERVICES COMPANY LIMITED နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဦးသန်းထွန်းအောင် ၁၂/ဥကတ(နိုင်)၀၄၃၉၂၂၊ အမှတ်(၁၆၅)၊ ဥက္ကာ(၆)လမ်း၊ (၀)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

PPEC SERVICES COMPANY LIMITED (Company Registration Number - 123658043) အမှတ်(၆၅၁)၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ လုပ်ငန်းလက်ခံသူ (ကန်ထရိုက်တာ) အဖြစ်လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွန်းအောင်မှ လုပ်ငန်းအပ်နှံသူ(မြေရှင်)အဖြစ်လည်းကောင်း၊ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက် ရက်စွဲဖြင့် **"အဆောက်အအုံသစ်ဆောက်လုပ်ရန်မြေရှင်နှင့် ကန်ထရိုက်တာတို့ လုပ်ငန်းအပ်နှံ၊ လက်ခံခြင်း နှစ်ဦးသဘောတူကတိစာချုပ်"**ချုပ်ဆိုပြီး ဦးသန်းထွန်းအောင်ပိုင်ဆိုင်သည့် မြေကွက်ပေါ်တွင် RC(၃)ထပ်တိုက်သစ်တစ်လုံးဆောက်လုပ်ရန်အတွက် ငွေကျပ်-၁၃၄,၀၀,၀၀၀၀/- (ကျပ်သိန်းတစ်ထောင့်သုံးရာလေးဆယ်တိတိ)ဖြင့် လုပ်ငန်းအပ်နှံလက်ခံလုပ်ကိုင်ခဲ့ကြသည်။ စာချုပ်ချုပ်ဆိုသည့်ရက်တွင် ငွေကျပ်-၄၀,၉၈၀,၀၀၀/- (ကျပ်သိန်းလေးရာကိုးသိန်းရှစ်သောင်းတိတိ) ပေးချေခဲ့ပြီး ကျန်ငွေကျပ် ၅၉,၂၀၀၀၀/- (ကျပ်ငါးဆယ့်ကိုးသိန်းနှစ်သောင်းတိတိ)ကို အခြားအရစ်များတွင် ပေးချေခွင့်ပြုသည်ဟု ဒါရိုက်တာ ဦးမြတ်သူရကျော်ကိုယ်တိုင်သဘောတူညီခွင့်ပြုပြီး လုပ်ငန်းလုပ်ကိုင်ခဲ့ကြရာ ဖောင်ဒေးရှင်းလုပ်ငန်းပြီးစီးပြီဖြစ်သော်လည်း ငွေကျပ်-၅၉,၂၀,၀၀၀/-ကို ပေးအပ်ခြင်းမရှိ စာချုပ်ပါစည်းကမ်းများချိုးဖောက်သည်ဟုဆိုကာ ကျန်ရှိနေသောလုပ်ငန်းများဆက်လက်ဆောင်ရွက်လုပ်ကိုင်ခြင်းမရှိဘဲ ရပ်စဲလိုက်ပြီဖြစ်ကြောင်း ၁၆-၈-၂၀၂၄ရက်စွဲဖြင့် အကြောင်းကြားနို့တစ်စာပေးပို့လာခဲ့၍ လုပ်ငန်းအပ်နှံသူ ဦးသန်းထွန်းအောင်မှ တရားဝင်သိခဲ့ရပါသည်။

အမှန်မှာ လုပ်ငန်းအပ်နှံသူ(မြေရှင်)မှ စာချုပ်ပါစည်းကမ်းများတွင်ဖော်ပြထားသော အပိုဒ်(၄)၏ပုဒ်မခွဲ (၂)နှင့် အပိုဒ်(၃)၏ပုဒ်မခွဲ(၃)ပါ စာချုပ်စည်းကမ်းချက်များကို ချိုးဖောက်ခြင်းမရှိဘဲ လုပ်ငန်းလက်ခံသူ (ကန်ထရိုက်တာ)မှသာ ဆောက်လုပ်ခြင်းကိစ္စရပ်များအား ၎င်းတို့သဘောဆန္ဒဖြင့် တစ်ဖက်သတ်ရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း ပြုလုပ်ခဲ့သဖြင့် လုပ်ငန်းအပ်နှံသူ(မြေရှင်)မှ ၎င်း၏ဆုံးရှုံးနစ်နာမှုအဝဝကို ပေးလျော်ရမည် ဖြစ်ကြောင်း ယင်းကိစ္စနှစ်ဖက်တွေ့ဆုံပြီး ညှိနှိုင်းရန် ၂၆-၈-၂၀၂၄ရက်က အကြောင်းကြားစာ ပြန်လည်ပေးပို့ခဲ့သော်လည်း လုပ်ငန်းလက်ခံသူ(ကန်ထရိုက်တာ)ဘက်မှ သတ်မှတ်ရက်အတွင်း အကြောင်း ပြန်ကြားလာခြင်းမရှိခဲ့။ သို့ဖြစ်ပါ၍ စာချုပ်ဝင်နှစ်ဘက်ကြား လုပ်ငန်းလက်ခံသူ(ကန်ထရိုက်တာ)ဘက်မှ တစ်ဖက်သတ်ဆန္ဒဖြင့် ရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းများပြုလုပ်ခဲ့သဖြင့် ၂၇-၁၁-၂၀၂၃ရက်စွဲပါ စာချုပ်သည် ဥပဒေအရပျက်ပြယ်သော စာချုပ်စာတမ်းတစ်ရပ်ဖြစ်ခဲ့ပြီးဖြစ်၍ နောက်နောင်တွင် PPEC SERVICES COMPANY LIMITED မှသော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်မှ သော်လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွန်းအောင်အား နစ်နာစေရန် တစ်နည်းနည်းဖြင့်ပြုလုပ်ဆောင်ရွက်မှုများရှိလာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း PPEC SERVICES COMPANY LIMITED နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သန်းဝင်း LL.B, DL-101(WIPO-Academy)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၃၃၈၁ (၁၄-၉-၂၀၁၇)**
**အမှတ်- ၂၇(ခ)၊ ရာဇသင်္ကြန်(၁)လမ်း၊ (၁၁)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၀၅၈၅၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၈

| | | |
|---|---|---|
| ၁။ ဦးနေဝင်းထွန်း | နှင့် | ၁။ ဒေါ်မြအေး |
| ၂။ ဒေါ်ရွှေရည်လူးစိုး | | ၂။ ဒေါ်ပန်းရွှေ |
| | | ၃။ ဦးထွန်းရွှေ |
| | | ၄။ ဒေါ်ကျင်လန်(ခ) ဒေါ်ဂျူန်းလှိုင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်- ၁၂၄(ပထမထပ်/ယာ)နေ (၁)တရားပြိုင် ဒေါ်မြအေး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၈)ပထမထပ်နေ (၂) တရားပြိုင် ဒေါ်ပန်းရွှေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဘူတာရုံလမ်း ၊ အမှတ်-၅၁(၅-လွှာ)နေ (၃)တရားပြိုင် ဦးထွန်းရွှေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်-၃၈ အပေါ်ဆုံးထပ်(Penthouse)နေ (၄) တရားပြိုင် ဒေါ်ကျင်လန် (ခ) ဒေါ်ဂျူန်းလှိုင် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုများက တရားလိုများလက်ရှိထားပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်းနှင့် တရားမကြီးမှုအမှတ်-၄၂၆/၂၀၂၂ အမှု၏ ၁၈-၁၀-၂၀၂၃ ရက်စွဲပါ စီရင်ချက်၊ ဒီကရီသည် တရားလိုများအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ခွဲ) ဖြူဘကျောင်း Grade-12 မှ မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမိုး ၁၂/မဂဒ(နိုင်)၁၄၄၅၀၀ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးမိုး**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၉-၂၀၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၂၆ ပါ မိခင်အမည်မှန် ဒေါ်လင်းစိန်၊ နန်းအဲဟီ ကြော်ငြာမှ အထက အိမြစ်ကျောင်း အစား အထက အိဖြစ်ကျောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ် (၁၄)၊ ၆၈လမ်းပေါ်၊ ၁၁၆x၁၁၇လမ်းကြားရှိ ဦးတင်ထွန်းအမည်ပေါက်တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၆၈/၂၀၂၃)တွင် ၂၉-၈-၂၀၂၃ ရက်ကချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးတင်ထွန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၁၉/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးမာ ၁/ကမန(နိုင်)၀၅၃၀၉၁၊ ဒေါ်ဒေစီ ၅/တဆန(နိုင်)၀၉၉၄၈၁တို့၏(GPရရှိသူ ဦးစန်းနိုင်ဝင်း) က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ် (၃၃၃၉/၂၀၂၄-၂၀၂၅ )ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၃)၊ ဦးပိုင်အမှတ်(၁၀၀)၊ ၆၅x၆၆လမ်းကြား၊ ၁၀၈x၁၀၉လမ်းကြားရှိ ဒေါ်ခင်မှီ၊ ဒေါ်ဘေဘီ အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ခင်မှီထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၂၇၃၇/၁၉၉၈) ဖြင့် ပေးကမ်းခြင်းကိုလက်ခံသူသား၊ သမီးဖြစ်ကြသော ကိုမောင်မောင် (ခ) မျိုးမင်း၊ မဘေဘီတို့ကလက်ခံခဲ့ပြီး ၎င်းတို့နှစ်ဦးအနက် ကိုမောင်မောင်(ခ)မျိုးမင်းထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၅၃၀/၂၀၀၀) ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူဒေါ်ဘေဘီ ၉/မရတ(နိုင်)၀၉၆၁၂၆ က အမှုတွဲအမှတ် ၃၃၂၈/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၁)၊ ဦးပိုင်အမှတ်(၆၆/ခဲစင်း)၊ ရန်-မန်းကားလမ်းတောင်ဘက်နှင့် ပရန်တော်ချောင်းxရန်-မန်းကားလမ်းကြားရှိ ဦးအီဘရန် အမည်ပေါက် ဂရန်မြေကွက်အားဖခင်ဖြစ်သူ ဦးအီဘရန်(ခ)ဦးကျော်မြင့်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၄၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသော ဇနီးနှင့်သား၊ သမီးများဖြစ်ကြသည့် ဒေါ်ဝင်းဝင်းမာ ၉/မမန(နိုင်)၀၇၇၂၄၀ (မိမိကိုယ်တိုင်နှင့်)၊ ဒေါ်ခင်အေး ၉/အမရ(နိုင်)၀၃၃၂၀၇၊ ဒေါ်ဇင်မာအေး ၉/မမန(နိုင်)၀၇၈၃၅၆၊ ဦးမိုးကျော်အောင် ၉/အမရ(နိုင်)၀၈၇၉၀၄၊ ဒေါ်စုစုကျော် ၉/ပကခ(နိုင်)၀၂၇၇၂၇၊ ဦးစိုးရန်အောင် ၉/ပကခ(နိုင်)၀၂၇၉၆၂ တို့၏(GPရရှိသူ ဒေါ်ဝင်းဝင်းမာ) တို့က အမှုတွဲအမှတ် ၃၂၇၆/၂၀၂၄-၂၀၂၅ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၁)၊ ဦးပိုင်အမှတ်(၆၆/ခဲစင်း)၊ ရန်xမန်းကားလမ်းတောင်ဘက်နှင့် ပရန်တော်ချောင်းxရန်-မန်းကားလမ်းကြားရှိ ဦးအီဘရန် အမည်ပေါက်ဂရန်မြေကွက်အားခင်ပွန်းဖြစ်သူ ဦးအီဘရန်(ခ)ဦးကျော်မြင့်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၂၄၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသော ဇနီးနှင့်သား၊ သမီးများဖြစ်ကြသည့်ဒေါ်ခင်အေး (ဇနီး) ၉/အမရ(နိုင်)၀၃၃၂၀၇ ၏ (GPရရှိသူ ဒေါ်ဝင်းဝင်းမာ)၊ လင်းလင်းမာ၉/မမန(နိုင်)၀၇၇၂၄၀(မိမိကိုယ်တိုင်နှင့်)၊ ဒေါ်ဇင်မာအေး ၉/မမန(နိုင်)၀၇၈၃၅၆၊ ဦးမိုးကျော်အောင် ၉/အမရ(နိုင်)၀၈၇၉၀၄၊ ဒေါ်စုစုကျော် ၉/ပကခ(နိုင်) ၀၂၇၇၂၇၊ ဦးစိုးရန်အောင် ၉/ပကခ(နိုင်)၀၂၇၉၆၂ တို့၏ (GPရရှိသူ ဒေါ်ဝင်းဝင်းမာ) ကအမှုတွဲအမှတ် ၃၃၃၇/၂၀၂၄-၂၀၂၅ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၆၁)၊ ဦးပိုင်အမှတ် (၇ဆ+၈ဃ)၊ မဟာစည်ရိပ်သာလမ်းနှင့်စိန်ပန်းလမ်းမကြီးကြား၊ သူရဲကျော်လမ်းနှင့် ၄၁လမ်းကြားရှိ ဦးတင်မောင်ဆန်းအမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးတင်မောင်ဆန်း၊ မိခင်ဒေါ်မြမြတို့ကွယ်လွန်ပြီး သားဦးတင်မင်းဦးမှာ သာသနာ့ဘောင်သို့အပြီးဝင်ရောက်သွားပါသဖြင့် ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ဝါဝါအေး ၉/မရတ(နိုင်)၁၃၁၈၇၂၊ ဦးတင်ဇော်ဦး ၉/မရတ(နိုင်)၁၃၁၈၇၁ ၊ ဦးတင်မျိုးဦး ၉/မရတ(နိုင်)၁၃၁၈၇၃၊ ဒေါ်အေးမီတင် ၉/မဟမ(နိုင်)၀၁၆၈၀၉ တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ သူရိယလမ်းရှိ အလျား ပေ၈၀xအနံ ပေ၈၀၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကကျယ်ဝန်းသော မြေကွက်အမှတ်(ဒ-၃၂၁၆၅)သည် ဒေါ်နွဲ့နွဲ့စန်း (ဘ) ဦးသောင်းရွှင် ၉/မနမ(နိုင်)၀၅၁၂၆၃ ၏ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ RC တစ်ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်များဖြင့် စာချုပ်ချုပ်ဆိုလက်ရှိထား ပိုင်ဆိုင်သဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သဇင်နီ(ဘ)ဦးကျော်ငြိမ်း ၈/မလန(နိုင်)၀၆၅၁၈၄ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာဝင်း (ဘ)ဦးထွန်းကြွယ် ၁၂/လကန(နိုင်)၀၉၉၄၈၅က ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများပြသ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာဝင်း(ဘ)ဦးထွန်းကြွယ် ၁၂/လကန(နိုင်)၀၉၉၄၈၅၏ လွှဲအပ်ချက်အရ-**
**ဦးမင်းစိုး(LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၅၂၄၁)**
**အောင်မင်္ဂလာ(၂)လမ်း၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၄၃၀၂၀၂၉၁၊ ၀၉-၉၄၃၀၂၀၂၉၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၈-၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) ကညနခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့၏ ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 34W/7538 အစား 34W/75381 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၉-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄) ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် (၂)ရပ်ကွက်အစား (၂၁) ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/66709 Dayun-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူမူအေး ၉/နထက(နိုင်)၁၄၄၆၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၀ယ/၂၉၀၆၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီဝင်း ၉/ကဆန(နိုင်)၁၀၂၃၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၄၃၈၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင်ကျော် ၁၀/မလမ(နိုင်)၁၈၅၂၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၄၉၆၉၉ ယာဉ်လက်ဝယ်ရှိသူ ဦးချိုလွင် ၁၀/မလမ(နိုင်)၃၁၉၉၈၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ အထက (လုံးခင်း) Grade-12(A)မှ မရွှန်းလဲ့လဲ့အောင်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်သန်း ၈/မမန(နိုင်)၁၄၀၁၉၀ ဖြစ်ပါကြောင်း။

**ဦးတင်မောင်သန်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း G-12 မှ မဝင်းသန္တာနှင်း၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်အေး ၉/မထလ(နိုင်)၀၆၄၂၅၇ ဖြစ်ပါကြောင်း။

**ဦးဗိုလ်အေး**

## အမည်မှန်

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ အထက(လုံးခင်း) Grade-12(B)မှ မမရစ်ရွှယ်အောင်အား ယနေ့မှစ၍ မလမာရွှယ်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးလမာနော်တောင် ဖြစ်ပါကြောင်း။

**ဦးလမာနော်တောင်**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ အထက (လုံးခင်း) Grade-12(B)မှ မောင်ငြိမ်းသူလွင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ခင်ဝင်း ၁၁/ပတန(နိုင်)၀၈၁၅၇၄ ဖြစ်ကြောင်း။

**ဦးမောင်ခင်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/77241 Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဇာနည်အောင် ၉/အမဇ(နိုင်)၁၁၄၁၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/51617 Bo Bo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမော်ရှမ်း ၅/ခဥန(နိုင်)၀၈၆၀၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၀၆၁၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးလှိုင် ၁၀/မလမ(နိုင်)၀၁၅၉၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**




## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက(၂) ကျောင်း Grade-11 အခန်း(A) တွင် ပညာသင်ကြားနေသော မောင်ရဲဇော်ထက်၏ ဖခင်အမည်မှန်မှာ ဦးမောင်အေး ၈/မထန(နိုင်)၀၈၃၉၃၂ ဖြစ်ပါကြောင်း။

**ဦးမောင်အေး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

အောင်လံမြို့နယ်၊ အင်းကုန်းကျေးရွာနေ မအေးအေးမြတ်(ဘ) ဦးအေးငွေ ၈/အလန(နိုင်)၁၂၉၁၅၉ ၏ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၆၄၁၉၀၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ပ-၃၂၉၅၁ဘီ)ကို အမည်ပေါက် ဦးတင်ကိုကို(ဘ)ဦးတင်ထူး ၉/သစန(နိုင်)၀၂၇၂၉၅(တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး(ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄မှ မြေပေးစလစ်(မိတ္တူမှန်)ထုတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၄၂/၂၀၂၃၊ တရားမဇာရီမှုအမှတ် ၄၀/၂၀၂၃တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့် အညီ မြေပေးစလစ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့် အုပ်စု (RA)-(RA-2)၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၄၉၇) (၀၄၉၈)၊ အကျယ်အဝန်း(၁၀၀' x ၁၀၀')စီရှိ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၄၈၃၅/၂၀၂၀)၊(၄၈၃၆/၂၀၂၀)တို့အရ ဒေါ်နော်သူဇာစိုး ၁၂/တတန(နိုင်) ၁၇၅၄၉၆အမည်ဖြင့် ရရှိထားသည့်မြေကွက်များဖြစ်ပြီး ၎င်းမှအဆိုပါမြေကွက်(၂)ကွက်အား မိမိကိုယ်တိုင်တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှအဆိုပါမြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညီမြာ(LL.B ) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ်(308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## အမွေဆက်ခံရန်သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃) အင်းစိန်ခရိုင်တရားရုံးတော်၌ ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၃

ကွယ်လွန်သူ ဦးစိုးမင်း၊ ဒေါ်ပြုံးကြည်၌ ကျန်ရစ်သောပစ္စည်း အကြောင်း ဒေါ်အေးအေးငြိမ်း၊ အမှတ်-က/၂၁၁၈၊ ဦးထွန်းစိန်ကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ လျှောက်သူ အမှတ် က/၂၁၁၈၊ ဦးထွန်းစိန်ကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ လျှောက်သူ၊ အမှတ်က/၂၁၁၈၊ ဦးထွန်းစိန်ကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်အေးအေးငြိမ်းက ကွယ်လွန်သူ ဦးစိုးမင်း၊ ဒေါ်ပြုံးကြည် ၏(၁)သမီးဖြစ်သည်ဟု အမှတ် က/၂၁၁၈၊ ဦးထွန်းစိန်ကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ကွယ်လွန်သူ ဦးစိုးမင်း၊ ဒေါ်ပြုံးကြည် မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးစိုးမင်း၊ ဒေါ်ပြုံးကြည်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ခုနှစ်၊စက်တင်ဘာလ ၁၆ရက်(၁၃၈၆ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်အေးအေးငြိမ်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်သူဟန်)
ဒုတိယခရိုင်တရားသူကြီး(၄)
အင်းစိန်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ တိုက်အမှတ်(၈၃/ခ)၊ ၁ခန်းတည်း ၆ထပ်တိုက်၏ တတိယထပ် (၄) လွှာ၊ အကျယ်(၁၈'x၅၄')ရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မွက်ဟဝန်ခံကတိပြုသူ ဦးထက်နိုင်အောင် ၉/မခန(နိုင်) ၂၁၅၇၃၄(၎င်း၏ကိုယ်စား မိခင်ဖြစ်သူ ဒေါ်သစ်သစ် ၉/မခန (နိုင်) ၀၂၇၃၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိန်းသိန်း ၁၂/အစန(နိုင်)၀၉၈၉၂၉ သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ မည်သူမဆို တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်(LL,B,C.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၇၀၅)**
**အမှတ်(၉၁၆/ခ)၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးမျိုးလွင် ၃/လဘန(နိုင်)၀၃၉၂၂၁နှင့် ဆွာဗေရဟ်(ခ)ဒေါ်ဌေးဌေး ၁၀/မလမ(နိုင်)၂၃၅၆၄၃ တို့သည် (၂၀၁၁) ခုနှစ်တွင် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး လွန်ခဲ့သော(၁၈-၅-၂၀၂၃) ရက်တွင် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ခွဲ(မော်လမြိုင်မြို့)ရှိ အသိသက်သေလူကြီးများ ရှေ့မှောက်တွင် အစ္စလာမ့်တရားတော်နှင့်အညီ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော် ဦးမျိုးလွင်နှင့် ဆွာဗေရဟ်(ခ)ဒေါ်ဌေးဌေးတို့သည် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့သည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့သည့်အပြင် ဆွာဗေရဟ်(ခ) ဒေါ်ဌေးဌေး၏ကိစ္စရပ်များမှာလည်း ကျွန်တော်နှင့် တစ်စုံတစ်ရာမည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်း မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးလွင် ၃/လဘန(နိုင်)၀၃၉၂၂၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/5214၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အထက(မင်းလှ) Grade-12မှ မောင်အောင်ခန့်သော်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွေး ၇/မလန(နိုင်)၀၄၆၆၇၁ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထွေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၄၀၃)၊ မြေကွက်တည်နေရာအမှတ်(၄၀၃)၊ လေးကျွန်းကြာခိုင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(ဒေါ်ခင်ချို) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အား L/RGN.011774အမည်ပေါက် ဒေါ်ခင်ချိုL/RGN.011774 ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၄၄၁၆/၂၀၂၄(၃၁-၅-၂၀၂၄)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးဆက်အောင် ၁၂/ကမတ(နိုင်)၀၀၀၄၈၁မှ ဂရန်၊ နိုင်ကတ်၊ အရောင်းအဝယ်စာချုပ်၊ အမြတ်ခွန်ချလန်တို့ တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်(၁)ရှိ (၂၀၁၁)ခုနှစ်တွင် အမည်ပေါက် ဒေါ်ခင်ချို မှ ဘဏ်ချေး၊ မြေပုံကူးလျှောက်ထားခဲ့ပါကြောင်း ၎င်းလျှောက်ထားခဲ့သော ဘဏ်ချေးမြေပုံမူရင်းမှာ အိမ်ပြောင်းရွှေ့ရင်းပျောက်ဆုံးသွားပါကြောင်း (၂၀၁၁)ခုနှစ်တွင် ကူးယူခဲ့သော အဆိုပါ မြေပုံအား အသုံးပြုခဲ့ဖူးခြင်းလည်း မရှိပါကြောင်း၊ ၎င်းမြေပုံအား အခြားသူများကို ပေးကမ်း၊ ရောင်းချ၊ ပေါင်နှံခဲ့ခြင်းလည်း မရှိပါကြောင်း၊ ၎င်းမြေပုံနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာတို့တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အ.ထ.က (၁)ကျောင်း Grade-12တန်း၊ အခန်း(E)တွင် ပညာသင်ကြားနေသော မအိသန္တာမွန်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော် ၈/အလန(နိုင်)၁၇၅၂၆၈ ဖြစ်ပါကြောင်း။ **ဦးဝင်းကျော်**

## မိခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက မရမ်း Grade-12မှ နော်ဖေါ်ဝါးဝါး၏ မိခင်အမည်မှန်မှာ ဒေါ်နော်သရီး ၁၄/ပတန(နိုင်)၀၆၈၆၂၈ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မဆန်းမြတ်သဉ္ဇာ ၇/ဇကန(နိုင်)၀၇၅၈၁၆၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-773408175**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ ၄ လမ်း၊ မြေကွက်အမှတ် ၁၂၂၁/က၊ တိုက်အမှတ် ၃၇/က၊ တစ်ခန်းတည်းခြောက်ထပ်တိုက်၏ ပဉ္စမထပ်(၆)လွှာအခန်း၊ အကျယ်(၁၈'x၅၄')ရှိတိုက်ခန်း နှင့်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်အကျိုးခံစားနေ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မွက်ဟဝန်ခံကတိပြုသူ ဦးဝေလင်းထွန်း ၁၂/သကတ(နိုင်)၁၅၇၄၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာ မြင့်၁၂/သကတ(နိုင်)၁၅၂၀၇၃သည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်၍ မည်သူမဆို တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်(LL,B,C.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၇၀၅)**
**အမှတ်(၉၁၆/ခ)၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ လမ်းမှန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12တန်း၊ အခန်း(B)တွင် ပညာသင်ကြားနေသော မအိစန္ဒီလင်း၏ ဖခင်အမည်မှန်မှာ ဦးစိုး ၈/ပဥလ(နိုင်)၀၁၉၄၆၂ ဖြစ်ပါကြောင်း။ **ဦးစိုး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အလက(ခွဲ)မြို့မကျောင်း G-8 မှ မောင်ဘုန်းမင်းခန့်နှင့် G-4 မှ မအိမ့်မှူးခင်တို့၏ဖခင်အမည်မှန်မှာ ဦးဝေလင်း ၇/တငန(နိုင်)၁၂၆၅၀၈ ဖြစ်ပါကြောင်း။ **ဦးဝေလင်း**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(၁)Grade-12(A)တွင် ပညာသင်ကြားနေသော နော်လားဖိုး၏ မိခင်အမည်မှန်မှာ နော်မူးကဒေ ၃/သတန(နိုင်) ၀၃၅၀၇၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သနွေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂၀)၊ ကွင်းအမည် ကြက်ဖြူကန်အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၆/၁) မြေလုပ်ကိုင်သူအမည်ပေါက် ဗမက-နေဝင်းအမည်ဖြင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတွင် မှတ်သားထားသော မြေအမျိုးအစား(စ/၁)၊ ဧရိယာအားဖြင့် (၈.၄၇)ဧကမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်အဝန်းအားဖြင့် အလျား(၃၀)ပေ၊ အနံ(၅၀)ပေရှိသော ငုဝါလမ်းတွင် တည်ရှိသည့် မြေကွက်သို့ မျက်နှာမူပါက ဘယ်ဘက်အခြမ်းရှိ ဝင်းခြံမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးရဲမင်းဌေး ၁၂/ထတပ(နိုင်) ၀၇၅၂၈၃ မှ မူရင်းဆက်စပ်စာချုပ်နှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများ အပါအဝင် ၎င်းအရောင်းအဝယ်ပြုလုပ်သည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့် ဝင်းခြံမြေအား လက်ရှိလက်ဝယ်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အမွေဆိုင်အရှုပ်အရှင်းများ ကင်းရှင်း၍ လူနေမဲ့အနေအထားဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဌေးမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို(၈-၉-၂၀၂၄)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဝင်းခြံမြေကွက်၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်ရပ်ရပ်တို့နှင့် ပတ်သက်သော အမွေစားအမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်း တိကျခိုင်မာသော(မူရင်း)စာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်းLLB.DBL အထက်တန်းရှေ့နေ စဉ်-၄၅၅၇၇/ ၂၆-၁-၂၀၁၅**
**အမှတ် ၆၀(B-2)၊သီရိလမ်း (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၀၀၄၆၆၈၆၊၀၉-၄၀၁၁၅၄၆၀၀**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ ဖွေးဖွေးဖြူစင်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-10 မှ မဝေဝေသင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်း ၉/ဝတန(နိုင်) ၁၂၃၂၄၁ ဖြစ်ပါကြောင်း။

**ဦးကျော်သန်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/8708 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

